.com
SAMPLE BOOK


# အိပ်မက်ကလေး
# တရေးနိုး
# မိုးစက်ငြိမ်း



mgyoe.com

SAMPLE BOOK

ကိုယ့်ဘာသာကိုယ် ပိုက်ဆံရှိလို့
ငွေပေးဝယ်လို့ရတဲ့ သာယာမှု ရှာတာကိုလည်း ကျွန်တော် ဘာမှ မပြောပါဘူး။
ကိုယ့်ဆန္ဒနဲ့ ကိုယ် ကြိုက်သလို လုပ်ကြ…။
ကျွန်တော့်အတွက်ကတော့ ချစ်ခြင်းမေတ္တာ မပါတဲ့
Sex ကိစ္စဟာ တိရစ္ဆာန်တွေရဲ့ လုပ်ရပ်ပဲဗျ။




အိပ်မက်ကလေး… နိုးတော်ပြီ။ ၄၅၀၀ ကျပ်

2 542979 031398

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ

ထုတ်ဝေသူ - တောင်ဇလပ်နီ စာပေတိုက် (၀၂၇၇၄)

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)

မျက်နှာဖုံးပန်းချီ - နေမျိုးဆေး

စာအုပ်ချုပ် - ဖူးပွင့်မွေး

စာစီစာစစ် - ဇလပ်နီ

တန်ဖိုး - ၄၅၀၀ ကျပ်

အုပ်ရေ - ၇၀၀

ဖြန့်ချိရေး - ဇလပ်နီစာပေ

၀၉- ၄၄၇ ၂၆၈ ၂၆၇၊ ၀၉- ၄၂၃ ၀၂၀ ၀၃၀

၈၀၈.၈၄

မိုးစက်ငြိမ်း

အိပ်မက်ကလေး တရေးနိုး၊

မိုးစက်ငြိမ်း၊ - ရန်ကုန်။

တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၁။

စာ-၂၉၃၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) အိပ်မက်ကလေး တရေးနိုး


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၁ ]

မျက်လုံးမဖွင့်မိခင် နိုးတဝက် အိပ်မက်ကလေးထဲမှာ သူက ကျွန်တော့်ကို သီချင်းတပုဒ် ခပ်တိုးတိုး ဆိုပြနေတယ်။ ဂစ်တာကလေး တီးလို့ပေါ့။

သူနဲ့ ကျွန်တော်က ပြောင်းပြန်...။ ကျွန်တော်က ယောကျ်ားလေးဖြစ်ပေမယ့် ဂစ်တာ ကောင်းကောင်းမတီးတတ်...။ သူကတော့ ကိုးတန်းကျောင်းသူဘဝမှာကတည်းက အားရင် အိမ်ဝရန်တာမှာ ထွက်ထိုင်ပြီး ဂစ်တာတီး၊ သီချင်းဆိုနေတတ်သူလေ။ မိန်းကလေးဆိုပေမယ့် ထူးအိမ်သင်တို့၊ စည်သူလွင်တို့ရဲ့ သီချင်းတွေ သူ အဆိုများတယ်။ အခု အိပ်မက်ထဲမှာလည်း သူ ဆိုနေကျ ထူးအိမ်သင်ရဲ့ သီချင်းလေးပဲ...။

*"နှုတ်ဆက်လိုက်ဖို့ အားတင်းထားရင်း...*
*ပါးပြင်ပေါ်မှာ မျက်ရည် တွေဟာ...*
*အချိန်နာရီတွေပေါ်ကို ကျော်လွန် ရေလိုဖြတ်ပြီး... စီးဆင်းနေဆဲ...*
*ချစ်သူရယ်...*

....................

....................



mgyoe.com

mgyoe.com

SAMPLE BOOK


*ဒါဟာ နောက်ဆုံးပဲ...*

*အချစ်လေးရယ်.... ဒါဟာ နောက်ဆုံးပဲ...*"

သူ့မျက်ဝန်းထဲက မျက်ရည်တစက် လိမ့်ဆင်းလာတာကို ကျွန်တော် တွေ့လိုက်ရတယ်။ သူ့ရဲ့ မျက်ရည်က ကျွန်တော့်ရင်ကို လောင်ကျွမ်း စုတ်ပြတ်သွားစေနိုင်တဲ့ အက်စစ်ခါးပဲ။ မငိုနဲ့လေလို့ ကျွန်တော် အော်ပြောလိုက်ပေမယ့် သူ့မျက်ဝန်းထဲက နောက်ထပ် မျက်ရည်တစက် ကျလာပြန်တယ်။ ကျွန်တော် မနေနိုင်တော့ဘူး။ သူ့မျက်ရည်စလေးတွေကို သုတ်ဖယ်ပေးဖို့ ကြိုးစားလိုက်တယ်။ လက်တို့ကို တယောက်ယောက်က ဖမ်းဆုပ် ဆွဲကိုင်ထားသလို။ ဘယ်လိုမှ လှုပ်လို့မရဘူး။ ဘယ်လိုမှ ရုန်းကန်လို့ မရဘူး...။ ဟင့်အင်း... သူ ငိုနေတာ ကျွန်တော် မကြည့်ရက်ပါဘူး။ သူ့မျက်ရည်လေးတွေ ကျွန်တော် သုတ်ပေးပါရစေ...။

ကျွန်တော် ဘယ်လိုပဲ ကြိုးစားကြိုးစား ကျွန်တော့်လက်တို့ကို သူ့ပါးပြင်ဆီ ရောက်အောင် ရွှေ့ဖို့ မဖြစ်နိုင်ခဲ့ဘူး။ သူ သီချင်းဆိုရင်း မျက်ရည်ကျနေတာကို ဒီအတိုင်း နာကျင်နစ်မွန်းရင်း ငေးကြည့်နေရုံပဲ။ အိပ်မက်မှန်း သိနေပေမယ့် ကျွန်တော် မောဟိုက် မွန်းကျပ်နေခဲ့တယ်။ သူက မျက်ရည်တွေ ကြားကနေ ကျွန်တော့်ကို ပြုံးပြတယ်။ သိပ်လှတဲ့သူ့မျက်ဝန်းတွေက မျက်ရည်တို့နဲ့ ပိုမို့ရွှန်းလဲ့လို့လေ...။ ပြီးတော့ ခပ်တိုးတိုးလေးပဲ... "ဒါဟာ နောက်ဆုံးပဲ..." လို့ ဆိုလိုက်တယ်။ သူ ထိုင်ရာကနေ ထရပ်လိုက်တယ်။

သူ သွားတော့မယ်...၊

ဝေးရာ...၊

ကျွန်တော်နဲ့ ဝေးတဲ့ အဝေးဆုံးတနေရာ...။

"နေဦး... နေဦး... မသွားပါနဲ့ ခူးခူးရယ်။ နင် မရှိဘဲ ငါ မနေတတ်ဘူးဟ" လို့ ကျွန်တော် ခွန်အားရှိသလောက် အသံကုန် အော်ဟစ်ရင်း လန့်နိုးလာတယ်။ လေအေးစက် ဖွင့်ထားလို့ အေးစိမ့်နေတဲ့ အခန်းထဲမှာ ကျွန်တော် ချွေးတွေ ရွှဲနစ်လို့...။ နှစ်ယောက်အိပ် ခုတင်ပေါ်မှာ ကျွန်တော် တစ်ယောက်တည်း။ ကျွန်တော့်နံဘေးနားက အိပ်ရာခင်းပြင်ပေါ်ကို အသာစမ်းကြည့်လိုက်တော့ အေးစက်လို့ နေရဲ့။ သူ ဘယ်အချိန်က ထထွက်သွားတာလဲ။ ညက သူ ကျွန်တော့်ရဲ့ ဘေးမှာ ရှိနေခဲ့တာ ကျွန်တော် သိတာပေါ့။ အိပ်မက်ထဲမှာ


mgyoe.com

သူ ငိုတာ ကျွန်တော် တွေ့ရပေမယ့် တကယ်တမ်း ညက ဝမ်းပန်းတနည်း ငိုခဲ့တာ ကျွန်တော်ပါ။ တကယ်ကို ရှိုက်ကြီးတငင်။

"မောင်... နင်ကလည်း ကလေးကျနေတာပဲ။ အဲဒီလောက် မငိုနဲ့လေဟာ။ လူကဖြင့် ဆရာဝန်လုပ်ပြီး ဟိတ်ကြီးဟန်ကြီးနဲ့ လူကြီးဂိုက်၊ စိတ်ကကျတော့ ကလေးလိုပဲ" လို့ သူက နောက်တီးနောက်တောက် ပုံစံနဲ့ ချော့ပါတယ်။ ကျွန်တော့်ကို ညင်ညင်သာသာ ဖက်ပွေ့ထားတာကို ကျွန်တော် မှတ်မိတယ်။ သူက ကျွန်တော့်နဖူးနဲ့ ဆံပင်တွေကို ခပ်ဖွဖွ နမ်းရှိုက်လိုက်တဲ့ အချိန်မှာ ကျွန်တော်က သူ့လည်တိုင်လေးနဲ့ ရင်ညွှန့်ဆီကနေ သင်းသင်းလေး ပျံ့နေတဲ့ ရေမွှေးနံ့လေးကို ရှူရှိုက်တုန်ယင်နေမိတယ်။

"အိပ်တော့နော်၊ ပျော်အောင် အိပ်လိုက်ပါ မောင်ရာ။ မနက်ကျရင် နင် အားလုံးမေ့နိုင်သွားဖို့ ကြိုးစား" လို့ သူက ပြောတော့ ကျွန်တော် မလွန်ဆန်နိုင်ဘူး။ မျက်စိ စုံမှိတ်ရင်း အတင်း အိပ်ပျော်အောင် ကြိုးစားခဲ့မိတယ်။

"ငါ သီချင်းဆိုပြရမလား နင့်ကို..."

သူက ကျွန်တော့် ခေါင်းကို အသာအယာ ချော့မြှူပွတ်သပ်ပေးရင်း ခပ်တိုးတိုး မေးပါတယ်။

ကျွန်တော် နာကျင်စွာ ရယ်လိုက်မိရင်း...

"နောက်ဆုံးအနေနဲ့လား" လို့ မေးလိုက်တော့ သူ ဘာမှ ပြန်မပြောဘူး။ သီချင်းတပုဒ်ကိုသူ စဆိုတယ်။

*"နာရီသံတွေ ဆူညံလို့နေ...*
*ရင်ခုန်သံတွေ မြန်တယ် အချစ်ရေ...*
*ငိုချင်ပါတယ် မျှော်လင့်ခြင်းတွေ...*
*တို့တွေ ဒီအချိန်ဟာ နောက်ဆုံးလား..."*

သူ ဆိုပြနေတာကို နားထောင်ရင်း နှလုံးသားအစုံက ဓားနဲ့ အမွှန်းခံနေရသလို အက်ရှ နာကျင်နေတယ်။

မမြင်စေနဲ့တော့...။ ကျွန်တော့် မျက်ရည် တွေကို သူ မမြင်စေချင်တော့ဘူး။

ကျွန်တော် ခေါင်းအုံးကို မျက်နှာအပ်ရင်း မျက်ရည်တွေ အတားအဆီးမဲ့ သွန်ချပစ်နေမိခဲ့တယ်။ သူ့အသံက တဖြည်းဖြည်း ခြောက်သွေ့ တုန်ယင်


mgyoe.com

mgyoe.com SAMPLE BOOK

လာတယ်။ ကျွန်တော့်ကျောပြင်နားကို ဝင်သက်ထွက် ငွေ့လေး တရွေ့ရွေ့ တိုးကပ်လာတာ ကျွန်တော် ခံစားသိလိုက်ရတယ်လေ။ လည်ပင်းနောက်နားလေးကို သူ့နှုတ်ခမ်းလေးနဲ့ ဖွဖွတို့ထိ နမ်းလိုက်တဲ့အချိန် မှာတော့ ကျွန်တော့်ခန္ဓာကိုယ် တခုလုံး အရှိန်ပြင်းပြင်း ချားရဟတ်တခုပေါ် ရောက်နေရသလို လှုပ်ခါ မူးရီယိမ်းထိုး...။

"မနက်ကျရင် ငါ့ဘဝထဲက နင် ထွက်သွားတော့နော်... မောင်"

သူ ခပ်တိုးတိုး ပြောတယ်။ ခေါင်းညိတ်ပြမိလိုက်သလား ကိုယ့်ကိုယ်ကိုယ် သေချာမသိ။ ပင်ပန်းနာကျင်လွန်းတဲ့ စိတ်နဲ့ ခြောက်အိပ်မက်တွေကြားထဲ ကျွန်တော် တိုးဝင် ရောက်ရှိသွားခဲ့တယ်။ အခု ကျွန်တော် အလန့်တကြားနိုးထလာခဲ့ပြီလေ။ ဘေးနားမှာ သူတော့ ရှိမနေပါဘူး။ ခုတင်ဘေးနား သစ်သားစားပွဲပေါ်မှာ တင်ထားတဲ့ ဖန်ကရားလေးထဲက ရေအေးအေးတို့ကို အငမ်းမရမော့သောက်လိုက်မိတယ်။

နိုးထလာကာစ ယောင်တောင်တောင် ကြောင်တက်တက် ဖြစ်နေတဲ့ စိတ်ကို အသိဝင်အောင် စုစည်းနိုင်လိုက်တဲ့ အချိန်မှာ သတိထားမိလိုက်တာက ခပ်တိုးတိုး သီချင်းသံလေးနဲ့ စားပွဲလေးပေါ်က ပန်းနုရောင် စာရွက်ခေါက်ကလေးပေ့ါ။ သီချင်းသံလေးကတော့ card reader sound box လေးကနေ ထွက်နေတဲ့ သီချင်းသံလေးပါ။ သူ ဆိုထားတဲ့ သီချင်းလေးတွေကို အသံသွင်းပြီး memory card လေးထဲ ထည့်ပြီး ဖွင့်ထားပေးခဲ့တာ...။

သက်ပြင်းရှိုက်လိုက်ရင်း စာရွက်ခေါက်လေးကို ကျွန်တော် ဖွင့်ဖတ်လိုက်တယ်...။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [ ၂ ]

*Morning မောင်...*

*အခုချိန်ကစပြီး နင်နဲ့ငါ တဘဝစီ ဖြစ်သွားပြီနော်။ နှုတ်ဆက်သင့်လို့ နှုတ်ဆက်လိုက်ကြရတာအတွက် နင် ဘာမှ ဝမ်းမနည်းပါနဲ့။ လောကမှာ လူတယောက်ကို အသည်းနင့်အောင် ချစ်နေတာထက် ပိုပြီး အရေးကြီးတဲ့ ကိစ္စတွေ၊ အလုပ်တွေ အများကြီး ရှိသေးတယ်လေ နော်...။*

*နင် ငါ့ထက် ပညာတွေ အများကြီး ပိုတတ်တာပဲ။ ဒါပေမဲ့ ငါတို့ကိစ္စမှာတော့ နင့်ထက်စာရင် ငါက အမှန်ကို ပိုပြီး မြင်တတ်တယ်...။*

*မဆုံသင့်ဘူးလေ... ငါတို့ နှစ်ယောက်က...။ အိပ်မက်ကလေး တခုကို ငါတို့ မက်ခဲ့ကြပြီးပြီပဲဟာ... နိုးထဖို့ တော်ပြီပေါ့။ နင့်အတွက် မနက်စာကို မီးဖိုထဲမှာ ငါ ပြင်ထားခဲ့ပေးတယ်။ စားသွားပါနော်...။ နင့်အကြိုက် ကော်ဖီခါးခါးလေးအတွက် coffee maker မှာ ငါ အသင့်လုပ်ထားပေးတယ်။ ပြီးရင် နင် ပြန်တော့နော်...။ သော့ အပိုတချောင်း*



mgyoe.com

mgyoe.com SAMPLE BOOK

*ကို ခေါင်းအုံးဘေးမှာ ငါ ထားခဲ့ပေးတယ်။ နင်ပြန်ရင် တံခါးပိတ်ပေးခဲ့ပြီး သော့ကို အောက်ဆုံးထပ် စတိုးဆိုင်က ကောင်မလေးတွေဆီမှာ အပ်ခဲ့ပေး... သိလား။*

*သွားတော့ မောင်ရာ...။ နင် ရှေ့ဆက်လျှောက်ရဦးမယ့် ခရီးမိုင်တွေက အများကြီး...၊ ငါ့အတွက် နင် နောက်ပြန် လှည့်လှည့်လာနေရတာနဲ့ကို ခရီးဆက်ဖို့ နင် နောက်ကျနေပြီနော်။ ငါက တန်ဖိုးတစက်မှ မရှိတဲ့ မိန်းမပဲ... မောင်။ ဘာလို့ နင် တန်ဖိုးထားနေဦးမလဲ... မဟုတ်ဘူးလား။ နင့်ကို ခဏတာ နစ်မွန်းစေခဲ့တဲ့အတွက် ငါ့ကိုယ်ငါ တသက်လုံး ခွင့်မလွှတ်ဘူး။ ယောကျ်ားတန်မဲ့ ငါ့ရှေ့မှာ၊ ငါ့ပခုံးပေါ်မှာ၊ ငါ့ရင်ခွင်ထဲမှာ၊ ငါ့ကျောပြင်ပေါ်မှာ ကျခဲ့တဲ့ နင့်ရဲ့ မျက်ရည်စတွေအတွက် ငါ့ကိုယ်ငါ တသက်လုံး ခွင့်မလွှတ်ပါဘူး။ နင်လည်း ခွင့်မလွှတ်ပါနဲ့။*

*နင့်ဘဝရဲ့ လာမယ့် အချိန်နာရီတွေပေါ်မှာ မျက်ရည်စက်တွေ မရှိစေချင်တော့ပါဘူးဟာ။ နင် ငါ့ကို ချစ်တယ်လို့ တဖွဖွ ပြောခဲ့တယ်နော်။ ငါ့ကို တကယ်ချစ်ရင် ငါ့ကို မေ့နိုင်အောင် ကြိုးစား...။*

*ok... good bye... မောင်...။*

စာအောက်ခြေအဆုံးမှာ လက်မှတ်မထိုးဘဲ အနမ်းသင်္ကေတလေး နှစ်ခု ရေးပြထားတယ်။ တကယ်ချစ်ရင် မေ့နိုင်အောင် ကြိုးစားပါတဲ့လား ခူးခူးရယ်...။

နင်မို့ ခိုင်းရက်လေခြင်း။

မရယ်ချင်ဘဲ ရယ်နိုင်အောင် ကျွန်တော် ကြိုးစားလိုက်တယ်။ ရယ်သံအစား ခပ်အက်အက် ညည်းညူသံလေးပဲ နှုတ်ဖျား က ထွက်ကျလာတယ်။ ခေါင်းကလည်း တဆစ်ဆစ် ကိုက်နေပြီ။

လှပတဲ့ မိန်းကလေး ဆိုပေမယ့် သူ့လက်ရေးလေးတွေက မလှဘူး။ ပဲပင်ပေါက်ကလေးတွေ မြေပေါ် ကြဲပက်ထားသလိုပဲ။ စာရွက်ကလေးကို ကိုင်ထားတဲ့ ကျွန်တော့်ရဲ့ လက်တွေက တဆတ်ဆတ် တုန်ခါနေတယ်။ ပဲပင်ပေါက်ကလေးတွေက ဒစ္စကိုတေးသွားအောက်မှာ စီးပျော်ခုန်ပေါက်နေတဲ့


mgyoe.com

SAMPLE BOOK

မှူးယစ်လွန် အသိစိတ်မဲ့ ကခုန်နေသူတွေလို ယိမ်းထိုးလှုပ်ခါ။

ဒီလက်ရေးလေးတွေ.. ဒီလက်ရေးလေးတွေ...။

အလယ်တန်းကျောင်းသား ဘဝလောက်ကတည်းက ကျွန်တော် ထိတွေ့ရင်းနှီးခဲ့ရတဲ့ လက်ရေးလေးတွေပါ။ စိတ်က အဖြူရောင် အတိတ် ကာလဆီကို ခရီးဆန့်သွားခဲ့ပြန်တယ်...။

"သွားပါပြီဟာ၊ ငါ့စာအုပ်ကလေးတော့...။ တချိန်လုံး သပ်သပ် ရပ်ရပ် ထားလာတာ နင် စာကူးပေးတဲ့ အခါကျမှပဲ စုတ်ပြတ်သပ်သွားတော့ တာပဲ။ ဒီလိုမှန်းသိ နေကောင်းမှ ငါ့ဘာသာ ငါ ကူးတာပေါ့..."

ကျွန်တော်က မြင်နေရတဲ့ ပဲပင်ပေါက်လက်ရေးတွေကို စိတ်ပျက် လက်ပျက်ကြည့်ရင်း ရေရွတ်တော့ သူက ဂစ်တာကြိုး ညှိနေရင်းကနေ မျက်မှောင်ကုတ် ကြည့်တယ်...။

"ကူးပေးတာပဲ ကျေးဇူးတင် လင်းခန့်မောင်။ နင် နေမကောင်းဖြစ် ပြီး ကျောင်းမတက်နိုင်တာ လေးရက် ရှိပြီ။ စာတွေ လွတ်သွားတာလည်း များပြီ။ နေပြန်ကောင်းမှ ထိုင်ကူးရင် အများကြီး ဖြစ်နေမှာစိုးလို့ ငါက စေတနာ နဲ့ ကူးပေးတာ။ သိပ်အဖြစ်သည်းမနေနဲ့... မိန်းကလေး ကျနေတာပဲ...၊ အမြင် ကို ကတ်တယ်။ ဒီလိုမှန်းသိ နင့်စာအုပ်အဖုံးတွေမှာ ငါ ပုံတွေ လျှောက်ဆွဲ လိုက်တာပေါ့... ဟင်း..."

"အရူးမ... အားအားရှိ ဂစ်တာပဲ ခေါက်နေ...၊ ပုံစံကိုက မိန်းကလေး ဖြစ်ပြီး လမ်းသရဲပုံ ဖြစ်နေပြီ"

ကျွန်တော်ပြောတာကို သူ ဂရုမစိုက်တော့ဘဲ ဂစ်တာကို ခပ်ကြမ်း ကြမ်း တီးပြီး သူ့ဘာသာသူ စပ်ထားတဲ့ သီချင်းကို အော်ကြီးဟစ်ကျယ် ဆိုပါ တယ်။

*"ကောင်ကလေး အူကြောင်ကြောင်...*
*စာကြမ်းပိုးလေး အူကြောင်ကြောင်...*
*သူငယ်ချင်းလေး ဂေါက်တောက်တောက်...*


mgyoe.com

*ကောင်ကလေး အူကြောင်ကြောင်...*"

"တန်ခူးလေပြေ... နင် ဘယ်လို ဖြစ်နေတာလဲ။ ငါ ကောင်းကောင်း နေကောင်းသေးတာ မဟုတ်ဘူး၊ သွား... သွား...။ နင့်လက်ရေးတွေ မြင်လိုက်ရကတည်းက နာလန်မထူတော့တာ၊ နင့်အသံကြားရတော့ ပိုဆိုးတယ်" လို့ ကျွန်တော်က သူ့ဂစ်တာကို အတင်းဝင်လုရင်း ပြောတော့ သူက တဟားဟား အော်ရယ်ပါတယ်။ ကျွန်တော်တို့ စားဖို့ ကော်ဖီနဲ့ မုန့်တွေ ယူလာပေးရင်း အခန်းထဲ ဝင်လာတဲ့ မေမေက...

"ဟဲ့... ကလေးတွေ၊ မကြီးမငယ်နဲ့ ဆော့နေပြန်ပြီ" လို့ ချစ်စနိုးပြုံးရယ်ရင်း ဆူဟန်ပြုလေရဲ့။

အဲဒီတုန်းကတော့ ကျွန်တော်တို့ရဲ့ ပတ်သက်ဆက်နွှယ်မှုတွေက တကယ့်ကို အဖြူရောင်သက်သက်ပါ။ ကြောက်မက်ဖွယ်ရာ စိတ္တဇပန်းချီကားတချပ်လို ချောက်ချားဖွယ် ဆေးရောင်မှိုင်းမှိုင်းတွေ လုံးဝစွန်းထင်းခြင်း မရှိသေးတဲ့ အချိန်လေ။

ကျွန်တော်တို့မိသားစု ဖေဖေ တာဝန်ကျတဲ့ နယ်မြို့လေးကို ပြောင်းလာခဲ့တဲ့အချိန် ကျွန်တော် ငါးတန်းကျောင်းသား အရွယ်လောက်ကတည်းက စပြီး သူနဲ့ ကျွန်တော်တို့က အိမ်ချင်း ကပ်လျက်။ အတန်းတူ... သွားအတူ... လာအတူ... မောင်နှမတပိုင်း သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာ။ ယောကျ်ားမိန်းမ ဆိုတဲ့ ခွဲခြားသတ်မှတ်မှုက ကျွန်တော်တို့ နှစ်ယောက်ကြားမှာ မရှိခဲ့ပါဘူး။ ကိစ္စရှိရင် မိဘတွေ ရှေ့မှာကိုပဲ သူ့အခန်းထဲ ကျွန်တော် ဝင်သွားလို့ရသလို ကျွန်တော့်အိပ်ခန်းထဲလည်း သူ ဝင်ဝင်လာတာပါပဲ။ ရိုးသားလွန်းခဲ့တဲ့ ကျွန်တော်တို့ စိတ်တွေက ရှက်ရွံ့အားနာနေစရာ မလိုလောက်အောင်ကို လိပ်ပြာသန့်ခဲ့ဖူးပါတယ်။

"ဆယ်တန်းအောင်ရင် နင် ဘာလုပ်မှာလဲ.... လင်းခန့်မောင်"

"စာရေးမယ်၊ ပန်းချီဆွဲမယ်၊ စာရေးဆရာ လုပ်မယ်လေ မကောင်းဘူးလား"

ငယ်ငယ်ကတည်းက ကျွန်တော့်ကို ကြီးလာရင် ဘာလုပ်မလဲလို့ မေးကြတဲ့အခါ ဆရာဝန်လုပ်မယ်လို့ ဖြေခဲ့ဖူးတာမျိုး သိပ်မရှိပါဘူး။

"ဒါနဲ့များ အပင်ပန်းခံ စာကျက်နေသေးတယ်၊ အောင်ရုံဆို တော်ပြီ



mgyoe.com

ပေ့။ ဂုဏ်ထူး ပါပါ၊ မပါပါ မဟုတ်ဘူးလား"

သူက နားမလည်နိုင်တဲ့ အကြည့်မျိုးနဲ့ ကြည့်ရင်း မေးလေရဲ့။ စာအတူ ကျက်ရင် ငါးမိနစ်လောက်ဆို တဝါးဝါး သမ်းနေတတ်တဲ့ သူ့အကျင့်ကို သိပြီးသားဆိုတော့ ကျွန်တော် ဘာမှ ထပ်မပြောတော့ဘူး။ ကျွန်တော့်မိဘတွေရော သူ့မိဘတွေကပါ ကျွန်တော်တို့ နှစ်ယောက်ကို အမြဲပြောတတ်တာက ပြောင်းပြန် သူငယ်ချင်းတွေတဲ့...။

"လင်းခန့်မောင်က မိန်းကလေး ဖြစ်ပြီး ခူးခူးက ယောကျ်ားလေး ဖြစ်ရမှာ။ ကြည့်ပါဦး... လင်းခန့်မောင် စာကျက်ရင်း တခါတလေ ပျင်းပြီဆို မိခူးခူးက ဂစ်တာတီးပြီး သီချင်းဆိုပြသတဲ့လေ။ ကြားလို့မှ ကောင်းသေးရဲ့လား" လို့ ပြောရင်း လူကြီးတွေက ဝိုင်းဖွဲ့ ရယ်လို့မဆုံးခဲ့...။

သူက အိမ်မှာသာ ယောကျ်ားလေးဆန်ဆန် ပစ်စလက်ခတ်နေတတ်ပေမယ့် ဆံနွယ်ရှည်ရှည်၊ မျက်နှာဝိုင်းဝိုင်း၊ မျက်ဝန်းလက်လက်ကလေးတွေက မိန်းမလှလေးတယောက်အဖြစ်ကို ဖုံးကွယ် မှေးမှိန် မသွားစေခဲ့ဘူး။ အိမ်မှာဆို တီရှပ်နဲ့ ကွာတားဘောင်းဘီနဲ့ နေတတ်ပေမယ့် ကျောင်းသွားရင်၊ အပြင်ထွက်ရင် မိန်းကလေးဆန်ဆန် လှလှပပလေး ပြင်ဆင် ဝတ်စားတတ်တော့လည်း သူ့အလှက ကျွန်တော်တို့ရဲ့ နယ်မြို့လေးမှာတော့ တော်တော်လေး ထင်ရှားပါတယ်။ သူ ကျောင်းသွား ကျောင်းပြန်တွေဆို လမ်းမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ သူ့ကို လာစောင့်ကြည့်နေကြတဲ့ ယောကျ်ားလေးတွေ မနည်းပါဘူး။ သူနဲ့ အတူတူ စက်ဘီး ယှဉ်စီးရင်း ကျောင်းသွားဖော် လုပ်နေရတဲ့ ကျွန်တော်က ကြားထဲကနေ မျက်နှာတွေ ပူ၊ စိတ်တွေ တိုပြီး အနေခက်ခဲ့ရတယ်။

သူ့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်း ဖြစ်ခွင့်ရနေတဲ့အတွက် သူ့ကို သဘောကျနေတဲ့ ကောင်လေးတွေရဲ့ မနာလို မုန်းတီးမှု၊ အမြင်ကတ်မှုတွေကိုလည်း နေရင်း ထိုင်ရင်း ကျွန်တော် ခံရပါတော့တယ်။ ကျူရှင်အပြန်တွေမှာဆို စက်ဘီးကို ကျွန်တော် ချက်ချင်း တက်မစီးရဲဘူး။ ဘီး လေစစ်ရတယ်။ ချိန်းကြိုး အကောင်းအတိုင်း ရှိရဲ့လား စမ်းနင်းကြည့်ရတယ်။ ဘရိတ်ကြိုးရော ဖြတ်ထားမလား စမ်းဆွဲကြည့်ရသေးတယ်။ ခဏခဏ လုပ်ကြံခံ ထိတာကိုး...။

သူကတော့ ခပ်တည်တည်ပါ။ ရယ်ရယ်မောမောပဲ။ ရလာတဲ့ ရည်းစား



mgyoe.com

mgyoe.com SAMPLE BOOK

စာတွေကိုလည်း ကျွန်တော့်ကို လာလာ ဖတ်ပြရတာ အမော။ တခါတလေ သူ့အိမ်ရှေ့ကို ကောင်လေးတချို့ ဂစ်တာ လာတီးပြီဆိုရင် သူကပါ ဂစ်တာ တလက်ကိုင်၊ ဝရန်တာထွက်ပြီး ဆိုချင်တဲ့သီချင်း လျှောက်ဆိုတတ်တာ မျိုးပါ။ သူ တကယ်ရွတ်ပြီဆို သူ့မိဘတွေလည်း မနိုင်ဘူး။ တခါကများ ခြံရှေ့ ကလည်း အလျှော့မပေးစတမ်း ဂစ်တာ တဒေါင်ဒေါင်နဲ့ သီချင်းဆို၊ သူက လည်း ခပ်တည်တည်နဲ့ ဂစ်တာစွမ်း ထွက်ပြတာ၊ သူ့အမေ အန်တီမိုးက ဘယ်လိုမှ ပြောမရတာကြောင့် အမေကိုယ်တိုင် လမ်းလူကြီးအိမ် ဖုန်းလှမ်းဆက်ပြီး "အိမ်ရှေ့မှာ လာဆူနေတဲ့ ကောင်လေးတွေနဲ့ ကျွန်မသမီးကို လာထိန်းပေးဦး ဦးမြင့်စိုးရေ" လို့ လှမ်းတိုင်ရတဲ့အထိပါ...။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၃ ]

ခူးခူးကို စိတ်ဝင်စားနေကြတဲ့ ကောင်လေးတချို့ရဲ့ သာမန်အနှောင့်အယှက် ပေးတာမျိုးတွေက ကျွန်တော့်အတွက် သိပ်မထူးဆန်းတော့ပေမယ့် သူ့ကို အသည်းအသန် ကြွေနေပါတယ်ဆိုတဲ့ ဆယ်တန်းနှစ်ကျ အစ်ကို တယောက်က ကျွန်တော့်ကို ကြည့်ရ ခက်လွန်းအားကြီးပြီး လက်သီးယှဉ်ထိုးဖို့ ချိန်းတာမျိုးကျတော့ စိတ်လည်း ဆိုး၊ စိတ်လည်း ညစ်ရပါတယ်။

"ဘာဖြစ်လို့ ကျွန်တော့်ကို ရန်လိုနေတာလဲဗျ။ ခူးခူးနဲ့ ကျွန်တော်က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေ၊ မောင်နှမတွေ...။ အတူတူ ကျောင်းသွား ကျောင်းပြန်နေကြတာ အဆန်းမှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါက တန်ခူးအနားမှာ ရှိနေတဲ့ ဘယ်ကောင်မဆို ကြည့်ရခက်တာပဲ။ ကဲ... လာစမ်းပါ။ မင်း ငါ့ကို နိုင်အောင် ထိုး၊ ငါရှုံးရင် မင်းတို့ကို အနှောင့်အယှက် မပေးတော့ဘူး... ကတိပေးတယ်"

ကျွန်တော်ကတော့ သူ စိန်ခေါ်နေတာ ကြည့်ပြီး အံ့လည်း သြ ရယ်လည်း ရယ်ချင်။ ကျွန်တော့်ထက် အရပ်ပိုမြင့်၊ လူကောင်လည်း ထွား၊ ရန်ပွဲတွေမှာ မပါမပြီးအောင် လက်ယဉ်တတ်တဲ့သူက သူ့ကို နိုင်အောင်ထိုးရင် အနှောင့်အယှက် မပေးတော့ပါဘူး ဆိုပြီး မှုမှုတတ အပေးအယူ လုပ်ပေးတဲ့ ပုံစံ



mgyoe.com

mgyoe.com SAMPLE BOOK

လာပြောနေတာကို ရယ်ချင်တာ။

"ပြီးရောဗျာ... ဒါပေမဲ့ ကျွန်တော် အစ်ကိုကို မထိုးဘူး၊ ရန်လည်း မဖြစ်တတ်ဘူး။ ကျွန်တော် အစ်ကို့ကို သိလည်း မသိဘူး၊ ရင်းလည်း မရင်းနှီးဘူး။ လူတစ်ယောက်ကို အမြင်ကတ်တာ၊ ကြည့်ရခက်တာတွေလည်း ကျွန်တော့်ဆီမှာ မရှိဘူးဗျ။ အဲဒီတော့ ကျွန်တော့်ကို သိပ်ကြည့်ရခက်လွန်းလို့ ထိုးချင်တယ်ဆိုလည်း ကျေနပ်အောင်သာ ထိုးတော့ဗျာ...။ ကျွန်တော် သတိလစ်သွားခဲ့ရင်သာ ဒီတိုင်းတော့ မထားခဲ့နဲ့...၊ ဆေးရုံတော့ ရောက်အောင် ပို့ပေး။ ပြီးရင် ကျွန်တော့်ကို လုံးဝ အနှောင့်အယှက် မပေးနဲ့တော့... ဟုတ်ပြီလား"

ကျွန်တော်က ကိုယ်ပြောချင်တာ ပြောပြီး သူ့ရှေ့မှာ ရပ်နေလိုက်တော့ သူက "ဟမ်" လို့ တခွန်းတည်းသာ ပါးစပ်က ထွက်လာပါတယ်။

ကျွန်တော့်ဘက်က လက်သီးတလုံး ဝင်တာနဲ့ အသေပြန်တွယ်ဖို့ အားသွင်းထားတဲ့ သူက အူကြောင်ကြောင် ဖြစ်သွားပြီး ဘာလုပ်ရမှန်း မသိဖြစ်သွားပုံ ရလေရဲ့...။ "မင်းကွာ... မင်းကွာ" လို့ပဲ ရေရွတ်နေပါတော့တယ်။ ဒီအတိုင်း ငြိမ်ရပ်နေတဲ့သူကို ထိုးရလောက်အောင်တော့ အဲဒီအစ်ကို စိတ်ဓာတ်အောက်တန်းကျဟန် မတူပါဘူး။

ဘာပဲပြောပြော အဲဒီနေ့က ကျွန်တော် ရန်မဖြစ်ဘဲ အိမ်ပြန်လာနိုင်ခဲ့တယ်။ လမ်းမှာ စက်ဘီး အမြန်နင်းလာတဲ့ ခူးခူးနဲ့ သူ့သူငယ်ချင်းမလေးတစ်ယောက်နဲ့ ဆုံတယ်။ သူက သူငယ်ချင်းတွေကတဆင့် သတင်းကြားပြီး ကျွန်တော်တို့ ရှိနေမယ့် ကျောင်းနောက်ဘက် ဘောလုံးကွင်းဟောင်းဆီလိုက်လာတာပါ။ ကျွန်တော့်ကို တွဲထူပြီး ဆေးခန်း လိုက်ပို့ပေးရတော့မလားဆိုပြီး စိုးရိမ်တကြီး တွေးလာခဲ့ပုံရတဲ့ သူက ကျွန်တော် အေးအေးဆေးဆေး စက်ဘီးလေး နင်းပြီး ပြန်လာတာလည်း တွေ့ရော....

"ဟယ်... နင် နိုင်လာတာလား၊ အမယ်လေး... ပျော်လိုက်တာ၊ ဘာမှ မဖြစ်ဘူးနော်" လို့ စက်ဘီးပေါ်က ဆင်း၊ လက်ခုပ်လက်ဝါး တီးပြီး ပြောဆိုရယ်မောနေလေရဲ့။ ကျွန်တော်က စိတ်တိုလာတာက တပိုင်း၊ သူ့ကြောင့် ကျွန်တော် အနှောင့်အယှက် ပေးခံနေရတာကို စိတ်ညစ်လာတာက တပိုင်းတို့ကြောင့် သူ့ကို ဘာမှ ဆက်မပြောတော့ဘဲ ကိုယ့်ဘာသာကိုယ် စက်ဘီးနင်းထွက်လာခဲ့တယ်။ အဲဒီတော့မှ နောက်ကနေ "ဟဲ့... ဟဲ့... နေဦးလေ" လို့


mgyoe.com

mgyoe.com

အော်ပြီး လိုက်လာပါတော့တယ်။ အိမ်ပြန်ရောက်ကြတဲ့အထိ သူ့ကို စကား မပြောတော့ဘူး။ သူကလည်း ကျွန်တော် စိတ်ကောက်နေမှန်း သိတော့ ဘာမှ ထပ်မပြောပါဘူး။ မေမေ့ကို ပြောသလိုလိုနဲ့ ကျွန်တော် ကြားအောင်...

"အန်တီရေ... လင်းခန့်မောင် ခူးခူးကို ကောက်နေတယ် သိလား၊ အခု ရေသွား ချိုးမလို့...။ ခူးခူးအစား အန်တီ ချော့ထားပေးပါနော်။ ညကျမှ မုန့်ဝယ် လာပြီး လာထပ်ချော့မယ်လို့ ပြောထားပေးပါနော်" လို့ အကျယ်ကြီးအော်ပြီး သူ့အိမ် ဘက်ဆီ ခုန်ပေါက်ပြီး ပြန်သွားတယ်။ ဘာမှ မသိရှာတဲ့ မေမေက "ဟော့တော်... ဘာဖြစ်ရပြန်တာတုန်း ဒီကလေးတွေက..." လို့ ပြောပြီး အူတူတူ ကျန်ရစ်ခဲ့လေရဲ့။ ကျွန်တော်လည်း အိပ်ရာပေါ် ပစ်လှဲလိုက်ရင်း တဟားဟား ရယ်နေမိတယ်။ အရူးမလေးပဲလို့ ခပ်တိုးတိုး ရေရွတ်မိရင်း စိတ်ထဲမှာ ပေါ်လာ တဲ့ သီချင်းတစ်ပိုင်းတစ်စကို အမှတ်တမဲ့ ညည်းမိတယ်။

*"တို့နှစ်ယောက်ကြားမှာ စည်းအဖြူရောင်×××*
*အလိုလိုတားပြီး နေပြီပေါ့လေ×××*
*စိုးရိမ်အမှတ်ကို တို့ မကျော်နိုင်×××*
*ဟန်ဆောင်ကန့်လန့်ကာ အမှောင်ရဲ့ တစ်ဖက်ခြမ်းမှာ×××*
*နယ်ကျွံချင်နေတဲ့ အချစ်ကလေးတွေ×××မျှော်လင့်ခြင်းတံခါးမှာ စောင့်စား××× ×××"*
*အာ... ငါ ဘာတွေ ဆိုနေမိပါလိမ့်။*

စိတ်လွတ်ကိုယ်လွတ် ညည်းနေမိရင်းကနေ သတိဝင်လာတော့ ကျွန်တော် ရှက်သွားမိတယ်။ အမျိုးအမည်မသိတဲ့ တစုံတရာက ကျွန်တော့် ရင်ထဲကို... ... ... ....။

ဘာဆက်ဆိုရမှန်း မသိတော့ဘဲ အိပ်ယာပေါ် ပက်လက်လှဲရင်း မျက်နှာကြက်ဖြူဖြူကို အဓိပ္ပာယ်မဲ့ ငေးကြောင်ကြည့်နေမိတော့တယ်။

ညဘက်ရောက်တော့ မုန့်တွေ တပွေ့တပိုက်ကြီးနဲ့ ကျွန်တော့်ဆီ ရောက်ချလာပါတယ်။ ပါလာသမျှ မုန့်တွေက သူ စားတတ်တဲ့ အချဉ်


mgyoe.com

mgyoe.com

SAMPLE BOOK


ထုပ်တွေ၊ နေကြာစေ့တွေ၊ ကျွန်တော့်အတွက် vicks ပူရှိန်းပြားလေး ငါးလုံး ပါလာတယ်။

"ဟဲ့... အကောက်ပြေပလား... ဖိုးကောက်" လို့ အခန်းတံခါးဝကနေ လှမ်းမေးတယ်။ ကျွန်တော်က တတိုင်းမွေးဂျာနယ်ရဲ့ ဆေးရောင်စုံခြယ်ပြိုင်ပွဲအတွက် ပေးထားတဲ့ ပုံကို ရေဆေးလေးနဲ့ ဆေးရောင်ခြယ်နေရင်းကနေ လှည့်မကြည့်ဘဲ "အေး" ဆိုပြီး တခွန်းတည်း ပြောလိုက်မှ သူ ဝင်လာပြီး ကျွန်တော့်ခုတင်ပေါ် တက်ထိုင်တယ်။ ပြီးတာနဲ့ ညနေကအကြောင်း မေးတော့တာပါပဲ။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ပြောပြတော့ သူ အတော်ရယ်ချင်သွားဟန် ရှိပါတယ်။

"ထင်ပါတယ်ဟယ်... ဟီး ဟီး...။ နင် နဖူးမပေါက်၊ မျက်ခုံးမကွဲ၊ မပွန်းမပဲ့ဘဲ ပြန်လာကတည်းက ဟိုကပဲ မလာတာလား၊ နင်ကပဲ မသွားတာလား၊ တခုခုပဲလို့ ထင်တော့ ထင်သား။ ဟိုက လက်သီးထိုးဖို့ ချိန်းတာ နင်က စကားလုံးတွေနဲ့ ခွက်စောင်းခုတ်ခဲ့တယ်ပေါ့လေ ဟား... ဟား..." ဆိုပြီး သဘောတကျ ရယ်မောနေပြန်လို့ မျက်နှာထားတင်းတင်းနဲ့ ကြည့်ပစ်လိုက်ရသေးတယ်။

"ငါကလည်း ငါပဲ သိလား။ အဲဒီဘိုးတော် ဟိုနေ့က ငါ အခွေဆိုင်သွားတော့ ကပ်လိုက်လာပြီး ကဗျာရွတ်နေလို့ အဲဒါ ငါက လင်းခန့်မောင်နဲ့ တိုင်ပင်လိုက်ဦးမယ်ရှင့်လို့ ပြောလိုက်လို့ နင့်ကို ဒီးသွားတာ နေမှာ..."

"ဩော်... အေးပါ။ လုပ်ထားပေါ့ တန်ခူးလေပြေ၊ ငါ လုပ်ကြံခံထိလို့ စောစောစီးစီး ကြွတော့လည်း အေးတာပဲ။ နင် တယောက်တည်း ကျောင်းသွား၊ နင့်ဘာသာ ပြန်၊ လမ်းမှာ ခွေးဆွဲဆွဲ ကျိုးစားစား..."

သူက မရန်းပြားတထုပ်ကို ဖောက်နေရင်းကနေ "အိုး... ဘာခွေးမှ မဆွဲစေရဘူး။ ငါ့ကို လိုက်စောင့်ရှောက်မယ့်သူတွေမှ အများကြီး၊ သိတယ်မဟုတ်လား၊ တန်ခူးလေပြေ အနား ခစားချင်တဲ့သူတွေက ဒုန်နဲ့ ဒေးလေ... နော့..." လို့ ပြောင်စပ်စပ်နဲ့ ပြောပါတယ်။ စိတ်ထဲကနေ "အေး... ခွေးတွေဆိုတာ အဲဒီဟာတွေကို ပြောတာပဲ" လို့ ပြောလိုက်ပေမယ့် ပါးစပ်ကတော့ ထွက်မသွားခဲ့ဘူး။

ကျွန်တော် စုတ်တံလေးကို ဘေးနား အသာချပြီး သူ့ကို မေးလိုက်


mgyoe.com

mgyoe.com SAMPLE BOOK

တယ်။

"နင် စိတ်မရှုပ်ဘူးလားဟင်..."

"ဘာဆိုင်လို့ ရှုပ်ရမှာလဲ...၊ ငါ့ကို မုန်းနေကြတာမှ မဟုတ်တာ၊ လူတကာ ဝိုင်းချစ်နေတာ ပျော်ဖို့တောင် ကောင်းသေး... ဟေး... ဟေး..."

ခုချိန်ထိ မျက်နှာပိုး မသေတဲ့သူ့ကို စိတ်ပေါက်လာတာနဲ့-

"အေး အေး၊ ဝမ်းသာပါတယ် နင့်အတွက်။ ယောကျ်ားတွေ နင့်ကို ဝိုင်းကြိုက်တာ နင့်အတွက် ဂုဏ်ယူစရာကြီးနော်။ မြို့သစ်က စန်းစန်းမြိုင်ဆိုလည်း နင့်လိုပဲ...၊ ယောကျ်ားတွေ သိပ်သဘောကျကြတာ" လို့ ပြောလိုက်တော့ သူ့မျက်နှာက ရုတ်ခြည်းဆိုသလို တင်းမာခက်ထန်သွားပြီး "လင်းခန့်မောင်" လို့ ခပ်ဆတ်ဆတ် အော်တယ်။ သူ နာအောင် တမင်ပြောလိုက်တာ ဆိုတော့ ကျွန်တော်က ခပ်အေးအေးပဲ သူ့ကို ပြန်ကြည့်ရင်း "ဘာလဲ" လို့ မေးလိုက်တယ်။ သူက စားလက်စအချဉ်ထုပ်ကို ကျွန်တော့်ရင်ဘတ်ဆီ ပစ်ပေါက်လိုက်တယ်။

"နင်ကလေ စကားပြော ချိုသာချင်နေရင်လည်း နှစ်ယောက် မရှိဘူး။ အဲဒီပါးစပ်ကနေ သူတစ်ပါး ထိခိုက်နစ်နာအောင် ပြောရမယ်ဆိုရင်လည်း နှစ်ယောက် မရှိဘူး။ အေး... နင့်ပါးစပ်ကြောင့်ပဲ ချစ်တဲ့ ခင်တဲ့သူတွေ ရှိနိုင်သလို မုန်းတဲ့သူတွေလည်း နည်းမှာ မဟုတ်ဘူး ဆိုတာ မြဲမြဲမှတ်ထား..."

သူ ဆောင့်ကြီးအောင့်ကြီး ထွက်သွားတာကို ကျွန်တော် မတားလိုက်မိဘူး။ သက်ပြင်းရှိုက်ရင်း အခန်းထဲမှာ ဆက်ထိုင်နေမိတယ်။ ခုမှပဲ ပြောလိုက်တဲ့စကား သိပ်လွန်သွားပါလားလို့ တွေးမိတော့တယ်။ စန်းစန်းမြိုင်ဆိုတာက ကျွန်တော်တို့မြို့ရဲ့ နာမည်ကြီး ကြေးစားအမျိုးသမီးလေ။ အပြင်မှာ မမြင်မတွေ့ဖူးပေမယ့် သူ့အကြောင်း၊ သူ့နာမည်ကိုတော့ ကျောင်းသားကြီးတွေ၊ လူကြီးတွေ စနောက်ရင်း ပြောနေကြတာကို ကြားဖူးခဲ့ကြပြီးသားပါ။ အဲဒီလိုမိန်းမမျိုးနဲ့ နှိုင်းခံထိလိုက်တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်အထိ နာကျင်ခံရခက်သွားမလဲ ဆိုတာ ကျွန်တော် တွေးမိလာရင်း နောင်တရလာတယ်။ ငါ မပြောသင့်ဘူးပဲ ဒီစကား...။

ကျွန်တော် ဆေးရောင်ခြယ်ဖို့ စိတ်မပါတော့ဘူး။ သူ ထားခဲ့တဲ့ မုန့်ထုပ်တွေကို ကြွပ်ကြွပ်အိတ်ကလေးထဲ စုထည့်လိုက်တယ်။ ခုတင်ပေါ်မှာ


mgyoe.com

ဒီအတိုင်း လဲလျောင်းနေရင်း အလိုလို အိပ်ပျော်သွားခဲ့ရာကနေ ဖျတ်ခနဲ နိုးလာတော့ ကျွန်တော့်အခန်းထဲမှာ မီးလည်း ပိတ်ပြီးသား၊ ခြင်ထောင်လည်း ချပြီးသား။ ကြည့်ရတာ မိုးချုပ်တဲ့အထိ မီးဖွင့်ထားတော့ မေမေ အခန်းထဲ ဝင်လာကြည့်ရင်း ကျွန်တော် အိပ်ပျော်နေတာ တွေ့တာနဲ့ ခြင်ထောင်ချ၊ မီးပိတ်ပေးသွားတာ နေမှာ။ ခုတင်ဘေးနားမှာ ရှိနေတဲ့ မီးခလုတ်ကို ဖွင့်ပြီး စားပွဲတင်နာရီကို လှမ်းကြည့်တော့ ၁၁ နာရီခွဲ၊ ပြန်အိပ်မရတော့ဘဲ မျက်လုံးက ကြောင်နေချိန်မှာ သီချင်းသံ တိုးတိုးသဲ့သဲ့လေး ကြားလိုက်တယ်။

အိုး... သူ မအိပ်သေးဘူးပဲ။ သူ့အခန်းက သူ့အိမ်ရဲ့ ဘယ်ဘက်အစွန်ဆုံး၊ ကျွန်တော့်အခန်းက ကျွန်တော့်အိမ်ရဲ့ ညာဘက်အစွန်ဆုံးဖြစ်ပြီး ကျွန်တော်တို့ နှစ်ယောက်အခန်းကြားမှာ မြေကွက်လပ်အနည်းငယ်နဲ့ ခြံစည်းရိုးလေးပဲ ခြားတာ ဆိုတော့ ကျွန်တော် ပြတင်းတံခါးကို ဖွင့်လိုက်တဲ့အချိန်မှာ သူ့သီချင်းသံကို ကောင်းကောင်း ကြားရပြီး သူကလည်း မိုးဝင်စ မိုးမရွာတဲ့ ည ဆိုတော့ အိုက်လို့ ထင်ပါရဲ့ ပြတင်းတဝက်ကို ခပ်ဟဟဖွင့်ထားတယ်။ သူ့ဂစ်တာသံနဲ့ နှစ်ပေါင်းများစွာ ထိတွေ့ရင်းနှီးလာခဲ့ကြရတဲ့ သူ့အိမ်သားတွေကတော့ နေသားတကျ အိပ်မောကျနေကြလောက်ပါပြီ။

ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်မိခင်မှာပဲ ကျွန်တော် ပြတင်းပေါက်ကနေ ကျော်ဆင်းမိလျက်သား ဖြစ်သွားတယ်။ နှစ်ခြံကြားက ခြံစည်းရိုး ဝါးတံခါးလေးကို ဖွင့်ပြီး သူ့အခန်းပြတင်းနား ရောက်အောင် ပြေးသွားလိုက်ပါတယ်။ ပြည့်လုပြည့်ခင် လရဲ့ အလင်းအောက်မှာ ပတ်ဝန်းကျင်က ထင်းလင်းတောက်ပပြီး မိန်းမူးစရာကောင်းလောက်အောင် လှပနေပါတယ်။

*ဒီအချိန်လေးရောက်ရင် အမြဲတမ်း ကိုယ် သတိရ×××*
*ထီးကလေးလည်းမပါ အဖော်မဲ့ လမ်းမ×××*
*အိုး××× အချိန်မှန်လာလေတဲ့ ဒီမိုး*
*ညို့မှောင်ကာ ရွာစဉ် အဖြစ်အပျက်များ×××*
*သူ ညင်သာစွာ ဝင်ကာ အကြင်နာအုပ်မိုး×××*
*မမေ့ပျော်လင့်တဲ့ ဆုံတွေ့ခြင်းများ×××*


mgyoe.com

mgyoe.com SAMPLE BOOK

*ကံကြမ္မာစေရာ ဖြူစင်စွာ သူငယ်ချင်း×××*
*ကိုယ် နှောင်တွယ်နေတာတွေ မင်း သိနိုင်မလား×××*

ချောစုခင်ရဲ့ 'အမှတ်တရလမ်းကလေး' ကို သူ ဆိုနေသံ ပီပီသသ ကြားလာရတယ်။ ပြတင်းတံခါးနားမှာ ခဏကြာ ရပ်နေမိရင်းကမှ သက်ပြင်း တချက် ရှိုက်ပြီး ခပ်ဟဟဖွင့်ထားတဲ့ ပြတင်းတံခါးရွက်ကို အသာအယာ လေး သုံးလေးချက် ခေါက်လိုက်တယ်။

"ခူးခူး.... ခူးခူးရေ... ငါပါ"

"*ဒီအချိန်ဆို ကိုယ်လေ မျှော်လင့်.....*"

ဆိုလက်စသီချင်းသံလေးက တပိုင်းတစ ရပ်တန့်သွားတယ်။ ပတ်ဝန်းကျင်တခုလုံး ရုတ်ခြည်းဆိုသလို တိတ်ဆိတ် ငြိမ်သက်သွားခဲ့တယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

တံခါးခေါက်သံကြောင့် သီချင်းသံလေး ခဏတိတ်သွားပြီး နည်းနည်း ကြာမှ ပြတင်းတံခါးလေးက ခပ်ဟဟ ပွင့်လာတယ်။ ခူးခူးတို့အိမ်ရဲ့ အုတ်ဖိနပ် က အမြင့်ဆိုတော့ ပြတင်းပေါက် အောက်ဘောင်က ကျွန်တော့် မေးဖျား ကျော်ကျော်လောက်မှာ ရှိနေတဲ့အတွက် သူ့ကို ကျွန်တော်က မော့ကြည့်နေခဲ့ ရတာပါ။

"ဘာလာလုပ်တာလဲ ဒီအချိန်ကြီး"

သူ့အသံက ပုံမှန်ပဲ။ သိပ်တင်းတင်းမာမာကြီး မဟုတ်ဘူး။ ကျွန်တော် လည်း သူ့ဆီ ဘာလာလုပ်မိမှန်းကို မသိဘူး။ တွေ့ချင်တာနဲ့ ပြတင်းပေါက်က ခုန်ဆင်းပြီး ထွက်ချလာတာ။ ပြတင်းဝမှာ ရပ်နေတဲ့ သူ့ကိုယ်ပေါ်ကို လရောင် လဲ့လဲ့လေး ဖြာကျနေပုံက အရမ်းကဗျာဆန်ပါတယ်။ ဆံနွယ် ပျော့အိအိလေး တွေက ကပိုကရို ဝဲကျပြီး လရောင်ဆမ်းထားလို့ တောက်လဲ့နေလေရဲ့။ တီရှပ်အဖြူလေးကလည်း လရောင်ခြည်ရိပ်ကြောင့် ပိုပြီး ဖွေးဆွတ် ဖြာလက် နေတယ်။ သူက ကျွန်တော့်အတွက် လရောင်အောက်က ကဗျာတပုဒ်ပဲ။ ကျွန်တော် ဘာစကားမှ ပြောမထွက်တော့ဘူး။ ပြတင်းဘောင်ပေါ်ကို ခပ်ဖွဖွ တင်ထားတဲ့ သူ့ညာဘက်လက်ဖမိုးလေးကို ကျွန်တော့်နဖူးနဲ့ ထိကပ်ထား လိုက်တော့တယ်။

သူက မရုန်းဘူး။ "ဟောတော်.... ဖြစ်မှ ဖြစ်ရလေ..." လို့ပဲ ခပ်တိုးတိုး



mgyoe.com

mgyoe.com SAMPLE BOOK

ရေရွတ်ပါတယ်။ ခဏကြာမှ ခပ်တိုးတိုးရယ်လိုက်ပြီး "ကိုယ်တော်... ဘာ ရောဂါတွေ တက်နေတာလဲ၊ ညကြီးမင်းကြီး..." လို့ စနောက်ရင်း ပြောပါတယ်။ ကျွန်တော်က သူ့လက်ကလေးပေါ် နဖူးတင်ထားရင်းကနေ ဘာမှ မဟုတ်ဘူး။ ခုနကလို ငါ မပြောသင့်ဘူးလေ... နော်။ အဲဒါ ငါ လာတောင်းပန်တာ" ဆိုပြီး ပြောလိုက်တော့ သူက တဟားဟား ရယ်ရင်း သူ့ရဲ့ ဘယ်ဘက်လက်နဲ့ ကျွန်တော့်ဆံပင်တွေကို ဆွဲဖွပစ်လိုက်ပြီး "ကောင်စုတ်... အမြဲတမ်း အဲလိုပဲ၊ ပြောချင်တာပြော လုပ်ချင်တာလုပ်ပြီးမှ မျက်နှာငယ်လေးနဲ့ တောင်းပန်... ဟွန်း..." လို့ ကြိမ်းတယ်။

"ခုနကတော့ နင်ပဲ ငါ့ကို ခွေးဆွဲဆွဲ၊ ကျီးထိုးထိုးဆို... စကားကို အမျိုးမျိုးပဲ"

ကျွန်တော် သူ့မျက်နှာလေးကို မော့ကြည့်လိုက်တယ်။ ဟန်ဆောင်ရန်လုပ်နေပေမယ့် သူ့မျက်နှာက ပြုံးစေ့စေ့ ဖြစ်နေတာပေါ့။ သူ စိတ်ဆိုးမနေတော့ဘူး။ ကျွန်တော် သိပါတယ်။ ကျွန်တော် အရမ်းပျော်တာပဲ။ ငါ နင့်ကို ပြောလိုက်မိပြီးမှ စိတ်မကောင်းဖြစ်နေလို့ဟ...၊ အဲဒါကြောင့် ချက်ချင်း လာတောင်းပန်တာ။ မဟုတ်ရင် ငါ ဆက်ပြီး အိပ်လို့ရမှာ မဟုတ်ဘူး... သိလား"

"အိုး... အပိုတွေ"

နှစ်ယောက်သား တီးတိုးရယ်ဖြစ်ကြတယ်။

ညရဲ့ လအရောင်က သူ့ရယ်သံကြောင့် ပိုပြီး လင်းလက်အေးမြလာသလိုပဲ။ ဒါပေမဲ့ ကျွန်တော့် ရင်ထဲမှာ နွေးနေခဲ့ပါတယ်။ သူက ကျွန်တော့်နဖူးကို သူ့လက်ညှိုးလေးနဲ့ တဒေါက်ဒေါက်ခေါက်ပြီး-

"ပြောပါဦး... ဒီက ခွေးကလေးကရော ငါ ကြောက်ရမယ့် ခွေးကလေးလား..."

ကျွန်တော် သူ့ကို ခေါင်းခါပြလိုက်တယ်။

"မဟုတ်ပါဘူး ခူးခူးရာ။ ငါက နင့်ကို ရန်လိုမာန်ဖီမယ့်ခွေး မဟုတ်ဘူး။ နင်သွားရာနောက် တကောက်ကောက်လိုက်ပြီး နင့်ကို အဖော်လုပ်ပေးနေမယ့် သစ္စာရှိတဲ့ ခွေးကလေး"

သူ သဘောတကျ ရယ်လို့ မဆုံးခဲ့ဘူး။

"ဒါဖြင့် ပါပီလေးပေါ့..."


mgyoe.com

mgyoe.com

အဲဒီညက အိမ်ကို ပြန်လာတဲ့ အချိန်မှာ ကျွန်တော့်ခြေဖဝါးတွေ က မြေကြီးကို မထိဘဲ တိမ်စိုင်တွေပေါ် ဖြတ်ကျော် လျှောက်လှမ်းနေရ သလိုမျိုး။ တစီစီ ကြားနေရတဲ့ ခြံနွယ်မြက်ပင်တွေကြားက ပိုးကောင်တွေရဲ့ အသံ၊ ညင်းညင်းသွဲ့လေပြေ အတိုးမှာ ဖြိုးဖြောက်ဖြောက် ထွက်လာတဲ့ သစ်ကိုင်း ရွက်နွယ်တို့ လှုပ်ရှားမြည်သံလေးတွေက အဖိုးဖြတ်မရတဲ့ ညရဲ့ ဂီတပဲ။

ဟင့်အင်း... ကျွန်တော် သူ့ကို ချစ်တယ်လို့ မပြောခဲ့ပါဘူး။

ကျွန်တော် သူ့ကို ချစ်နေမိတာလား ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် သေချာ မသိပါဘူး။ ကျွန်တော်တို့တွေက သူငယ်ချင်းပဲ။ နှစ်ဦးသားကြားမှာ ဘာမှ ဖုံးကွယ်ဝှက်ထားစရာ မလိုတဲ့ သူငယ်ချင်းပဲ။ သေချာတာက ကျွန်တော် သူ့ကို တန်ဖိုးထားတယ်။ သူက ကျွန်တော့်အတွက် သိပ်ကို မြတ်နိုးရတဲ့ သူငယ်ချင်းလေး တစ်ယောက်ပါပဲလေ...။

စာအုပ်တွေ၊ သီချင်းခွေတွေ၊ ပန်းချီဆွဲပစ္စည်းတွေနဲ့ ရှုပ်ပွနေတဲ့ အခန်းထဲမှာ ဘယ်ပစ္စည်းကို အရင်စသိမ်းရမှန်း မသိဘဲ စိတ်ရှုပ်နေမိတယ်။ ခူးခူးကလည်း ဘေးနားကနေ ကူသိမ်းပေးရင်း ပါးစပ်က တတွတ်တွတ်နဲ့ မကျေမနပ် ရေရွတ်လို့ မဆုံး။

"နင် ရွေးလို့ ရနေသားပဲ။ နင် နေခဲ့ချင်ရင် စာမေးပွဲပြီးတဲ့အထိ နင် ဒီမှာ နေခဲ့လို့ ရသားပဲ ဥစ္စာ...။ နင်ကိုက လိုက်ပြောင်းချင်နေတာ မဟုတ်လား။ ဟုတ်မှာပေါ့လေ... မွန်မချောချောလေးတွေကို မြင်ယောင်ပြီး ငမ်းငမ်းတက်၊ ဖြစ်နိုင်ရင် ခုပဲ သွားလိုက်ချင်တာ မဟုတ်လား"

"မဟုတ်ပါဘူးဆို နင်ကလည်း၊ ငါလည်း နေချင်တာပေါ့။ ဒါပေမဲ့ နင် သိတဲ့အတိုင်း ငါက မိသားစုနဲ့ တခါမှ ခွဲနေဖူးတာမှ မဟုတ်တာ။ မဖြစ်မနေ နေခဲ့ရမယ့် အခြေအနေဆိုရင်တော့လည်း တမျိုးလေ ခူးခူးရ၊ ဖေဖေ တာဝန်ကျတဲ့မြို့ကို မိသားစုဝင်တစ်ယောက်အနေနဲ့ လိုက်ပြောင်းရတာ အဆန်းမဟုတ်ဘူးလေ။ ငါ့ကို အများကြီး အပြစ်မတင်နဲ့လေဟာ..."

အမှန်တော့ အခြေအနေကို သူ နားလည်ပါတယ်။ လက်မခံနိုင်


mgyoe.com

mgyoe.com

သေးတာ။ ငါးနှစ်နီးပါး မိုးလင်းမိုးချုပ် အတူတူ ရှိနေခဲ့၊ မြင်တွေ့ ပေါင်းဖက် ခဲ့ကြတဲ့ အရင်းနှီးဆုံး လူတယောက် ကိုယ့်အနားကနေ ခွဲခွာသွားရတော့မယ့် အခြေအနေက အလွယ်တကူ လက်သင့်ခံနိုင်ဖို့ ခဲယဉ်းလွန်းလှတဲ့ အနေအထား တခုပဲ။ ကျွန်တော့်အတွက်လည်း ခက်ခဲပါတယ်။ ဒါပေမဲ့ ဘာမှ မတတ်နိုင်ဘူးလေ။

အဖေ့ အပြောင်းအရွှေ့အမိန့်စာ ထွက်လာတဲ့အချိန်မှာ ဖေဖေတို့ အမိက စဉ်းစားရတာက ကျွန်တော့်ပညာရေးပါ။ ကိုကိုကြီးက မန္တလေး ဆေးတက္ကသိုလ်မှာ တတိယနှစ် တက်နေပြီး ကိုကိုလေးကျတော့ ပြီးခဲ့တဲ့နှစ် ဆယ်တန်းအောင်ပြီးကတည်းက ရန်ကုန်မှာ သင်တန်းမျိုးစုံ လျှောက်တက် ရင်း ရန်ကင်းဘက်က အဒေါ်တွေဆီမှာပဲ အနေများတာဆိုတော့ ညီအစ်ကို သုံးယောက် ရှိတဲ့အထဲ သူတို့နှစ်ယောက်အပေါ် ဖေဖေ့အပြောင်းအရွှေ့က ဘာမှ သက်ရောက်မှု မရှိခဲ့ပါဘူး။ ဆယ်တန်းတက်ကာစ ဖြစ်နေတဲ့ ကျွန်တော့် အတွက်ပဲ စဉ်းစားခဲ့ကြရတာ။ သင်လက်စ ကျောင်းကျူရှင်နဲ့ အဆက်မပြတ် အောင် လက်ရှိမြို့မှာပဲ ကျွန်တော် နေခဲ့ရင် ကောင်းမလားလို့ စဉ်းစားခဲ့ကြပါ သေးတယ်။

“ထားခဲ့မယ်ဆိုလည်း စိတ်မပူနဲ့ ဆရာ။ အိမ်က ခူးခူးနဲ့လည်း ခန့်က မောင်နှမတွေလို ဖြစ်နေကြတာပဲ။ မိုးတို့အိမ်မှာ စိတ်ချလက်ချ ထားခဲ့လို့ ရတယ်။ မိုး ခန့်ကို သေချာစောင့်ရှောက်မှာပါ”

ခူးခူးအမေ အန်တီမိုးကလည်း စိတ်အားထက်သန်စွာ ကမ်းလှမ်းပါ တယ်။ ဖေဖေ စိတ်ပူတာက မိသားစုနဲ့ တခါမှ မခွဲဖူးတဲ့ ကျွန်တော့် စိတ်ခံစား မှု အခြေအနေကိုပါ။ ကျောင်းပြောင်း မြို့ပြောင်းကလည်း ပတ်ဝန်းကျင် အသစ်ပဲ၊ မိသားစုနဲ့ မခွဲစဖူး ခွဲနေရမှာကလည်း အခြေအနေ အသစ်ပဲလေ။

“ဟဲ့… နင် နေခဲ့ရမယ် ဒါပဲ။ စာမေးပွဲပြီးမှ လိုက်ပြောင်း၊ ငါလည်း အဲဒီအခါကျ လိုက်လည်မယ်” လို့ ခူးခူးက ယတိပြတ် ပြောထားခဲ့ပြီးသား။ နောက်ဆုံး ကျွန်တော် လိုက်သွားဖို့ ဆုံးဖြတ်လိုက်တာလည်း သိရော သူ စိတ်ဆိုးသွားခဲ့တယ်။ အချိန်တိုအတွင်း သိမ်းဆည်းစရာတွေ များလို့ အန်တီ မိုးရော သူပါ လာကူသိမ်းပေးကြပေမယ့် အခုထိ မကျေမနပ် ဖြစ်နေဆဲပါ။ သိမ်းဆည်းနေရင်း ရေဆာတာနဲ့ သူ့ကို အခန်းထဲမှာ ထားခဲ့ပြီး မီးဖိုဘက်


mgyoe.com

mgyoe.com

ထွက်လာခဲ့တယ်။ ရေခဲသေတ္တာ ဖွင့်ပြီး ရေပုလင်း ဆွဲထုတ်နေတုန်းမှာပဲ။

"ဟဲ့... ပလုတ်တုတ်" ဆိုတဲ့ အသံနဲ့အတူ စာအုပ်တချို့ ကြမ်းပြင်ပေါ် ပြုတ်ကျသံ ကြားလိုက်ရတယ်။

မိခူးခူးတို့ ပျာယီးပျာယာနဲ့ ဘာတွေ ပြုတ်ကျကုန်ပြီလဲ မသိ။ အပေါ်ထပ်မှာ သိမ်းဆည်းနေကြတဲ့ မေမေတို့ကတော့ ကြားဟန် မတူပါဘူး။ သိပ်ပြဿနာ မရှိလောက်ဘူး ထင်လို့ ကျွန်တော် အေးအေးဆေးဆေး ရေဆက်သောက်ပါတယ်။

အခန်းထဲ ပြန်ဝင်လာတော့ ပွင့်ကျနေတဲ့ စက္ကူဂျပ်ပုံး တခုနဲ့ ပုံးထဲက ထွက်ကျနေတဲ့ စာအုပ်တွေကို ပြန်ကောက်နေတဲ့ ခူးခူးကို တွေ့ရပါတယ်။ စာအုပ်ပုံးတခုကို မနိုင့်တနိုင် မ. ရွှေ့ရင်း အလေးချိန် များတဲ့အတွက် ပုံး ပွင့်ကျသွားခဲ့တာ နေမှာ။ ဒါပေမဲ့ ပွင့်ကျနေတဲ့ စာအုပ်ပုံးကို ကြည့်ပြီး ကျွန်တော် စိုးရိမ်သွားတယ်။ ဘယ်သူမှ မမြင် မသိစေချင်လို့ ကျွန်တော်ကိုယ်တိုင် သိမ်းထားခဲ့တဲ့ ဒိုင်ယာရီစာအုပ်တွေ၊ ရေးချင်တာတွေ ရေးထားခဲ့တဲ့ ဗလာစာအုပ်တွေ စုထည့်ထားတဲ့ ကတ်ထူပုံး။

ကျွန်တော် ကပျာကယာ ပြေးသွားပြီး "ဖယ်... ဖယ်... ငါ့ဘာသာငါ သိမ်းမယ်" လို့ ပြောလိုက်တော့ သူက မဲ့ကာရွဲ့ကာ "အမယ်လေး... ဒိုင်ယာရီတွေ မဟုတ်လား၊ မဖွင့်ကြည့်ဘူး... စိတ်ချ။ သူတပါး အတွင်းရေးကို အဲဒီလောက်အထိ စည်းကျော်ဘောင်ကျော် စပ်စုတဲ့သူ မဟုတ်ဘူး နားလည်လား" လို့ ပြောပါတယ်။ ကျွန်တော်က သူ့ကို အရေးမစိုက်အားဘဲ ဒိုင်ယာရီစာအုပ်လေးတွေကို ခပ်သွက်သွက် သိမ်းနေမိတာကြောင့် သူ့လက်ထဲမှာ ကိုင်ထားတဲ့ အရာလေးတခုကို သတိမထားလိုက်မိဘူး။

စာအုပ်ပုံး ပွင့်ကျသွားတဲ့အချိန်မှာ ဒိုင်ယာရီတခုကြား ညှပ်ထားတဲ့ ခပ်ဟောင်းဟောင်း ဓာတ်ပုံလေးက အရှိန်နဲ့ လွင့်စင်ကျလာခဲ့ဟန် တူပါရဲ့။ "ဒါ ဘယ်သူ့ဓာတ်ပုံလဲဟ... ချစ်စရာလေး" ဆိုတဲ့အသံကြောင့် သူ့ကို ကြည့်လိုက်မိပြီး သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဓာတ်ပုံလေးကို တွေ့လိုက်တဲ့အခါ ကျွန်တော့်မျက်စိတွေ ပြာဝေသွားပါတော့တယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၅ ]

သူ့ကိုမှ မဟုတ်ဘူး… ဘယ်သူ့ကိုမှ မမြင်စေချင်တဲ့ ဓာတ်ပုံလေး။ ကျွန်တော့်လက်ထဲက ဒိုင်ယာရီစာအုပ်လေးတွေကို ပစ်ချလိုက်ပြီး သူ့လက်ထဲက ဓာတ်ပုံကို လုယူဖို့ ကြိုးစားလိုက်တယ်။ သူက ကျွန်တော့်ရဲ့ တုံ့ပြန်မှုကို အံ့အားသင့်သွားပြီး ဓာတ်ပုံလေးကို သူ့နောက်ကျောဘက်ဆီ ပို့ပြီး ဖွက်လိုက်လေရဲ့။

"ဘာလုပ်တာလဲ၊ ပြန်ပေးလေ ဓာတ်ပုံကို၊ နင်နဲ့မှ မဆိုင်ဘဲ"

"မဆိုင်တာတော့ သိတာပေါ့။ နင်က ဘာဖြစ်လို့ အလန့်တကြား ဖြစ်သွားရတာလဲ၊ ဘယ်သူ့ပုံမို့လို့လဲ၊ ငါ တွေ့တာကတော့ ဆယ်နှစ်အရွယ် ကောင်မလေးတယောက်ရဲ့ ပုံပဲလေ။ ဘာမှ အထူးအဆန်းလည်း မဟုတ်ဘူး၊ နင် ဘာဖြစ်နေလဲ"

သူက ကျွန်တော့်ကို မသင်္ကာသလို ကြည့်ရင်း မေးတယ်။ ကျွန်တော် ပြန်မဖြေဘဲ သူ့လက်ထဲက ဓာတ်ပုံကိုသာ ယူဖို့ ကြိုးစားမိတယ်။ သူ စိတ်တိုသွားဟန် တူပြီး "ရော့… ရော့…" လို့ ပြောရင်း ဓာတ်ပုံကို ဆောင့်ကြီးအောင့်ကြီး ပြန်ပေးပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


သူ့လက်ထဲက ဓာတ်ပုံလေးကို ကမန်းကတန်း လှမ်းယူလိုက်ရပေမယ့် ကျွန်တော် အဲဒီဓာတ်ပုံလေးကို စေ့စေ့ မကြည့်ရဲဘူး။ သေချာ ကြည့်နိုင်တဲ့ အင်အား ကျွန်တော့်ဆီမှာ မရှိသေးဘူး။ ဓာတ်ပုံလေးကို ဒိုင်ယာရီ တအုပ်ကြားထဲ ခပ်သွက်သွက် ညှပ်လိုက်ရင်း စာအုပ်တွေကို ကတ်ထူပုံး အသစ်တခုထဲကို ထည့်၊ ပိုပြီး စိတ်ချရအောင် တိပ်နဲ့ အထပ်ထပ် ရစ်ပတ်နေမိတယ်။

ခူးခူးက ကူသိမ်းပေးဖို့ထက် အမူအရာ ပျက်ယွင်းနေတဲ့ ကျွန်တော့်ကို အကဲခတ်ဖို့ စိတ်ဝင်သွားဟန် တူပါရဲ့။

"လင်းခန့်မောင်… နင် တကယ် မပြောပြဘူးပေါ့"

"မပြောဘူး၊ နင်နဲ့ မဆိုင်ဘူးလို့ ပြောပြီးပြီပဲ"

ကျွန်တော့်စကား အဆုံးမှာ သူက ကြမ်းပြင်ပေါ် ထိုင်နေရာကနေ ရုတ်တရက် ထရပ်လိုက်ပြီး "ဒါဖြင့်လည်း ပြီးရော" လို့ မကျေမနပ် လေသံနဲ့ ပြောရင်း အခန်းထဲက ထွက်သွားဖို့ ပြင်ပါတယ်။

"ဒါက ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ်လေ၊ ငါ သိချင်တာမှ နင်မှ မပြောပြတာ။ နင့်ကို ကူဖို့လည်း ငါ စိတ်မပါတော့ဘူး။ ကိုယ့်ဘာသာကိုယ် အပင်ပန်းခံ သိမ်းပေတော့။ ငါ သိမ်းပေးနေရင်း နင့်လျှို့ဝှက်ချက်တွေ ထပ်ထပ်ပေါ်လာမှ ရှင်းရခက်နေမယ်… သွားပြီ"

"ကြွ… ကြွ…"

သူ့ရှေ့မှာ မျက်နှာထား သိပ်မပျက်သွားအောင် ပြန်ပြင်ဆင်ထားလိုက်ပေမယ့် တကယ်တမ်း ကျွန်တော့်ရင်ထဲမှာ တုန်ခါ လှိုက်လှဲစ ပြုလာပြီ။ ဟောင်းစပြုတဲ့ ဝေဒနာက အသစ်တဖန် ဖြစ်လာခဲ့ပြန်တာကိုး။

သူ ထွက်သွားတော့ ကျွန်တော် စာအုပ်ပုံကြားမှာ ငေးတိငေးကြောင် ကျန်ရစ်ခဲ့တယ်။ သိစိတ်မဲ့ ငိုင်တွေမိနေဆဲ… "ဟဲ့" ဆိုတဲ့ အသံနဲ့အတူ အခန်းထဲကို သူ ပြန်ဝင်လာတယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော် လန့်ဖျပ်သွားတာကို သူက မဲ့ရွဲ့ပြီး "အဖြစ်သည်းနေလိုက်တာ" လို့ ပြောပြီးမှ သူက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး "ငါ တခု စဉ်းစားမိတယ်" လို့ ပြောပါတယ်။

"ဒီပုံထဲက ကလေးလေးက မိန်းကလေးလို ဝတ်ထားပေမယ့် နင်နဲ့


mgyoe.com

တော်တော်တူနေတယ်။ မှန်မှန်ပြော... အဲဒါ နင်ပဲ မဟုတ်လား"

သူ့စကားကြောင့် ကျွန်တော် စိတ်လည်းပျက်၊ စိတ်လည်း ညစ်။

"နင်လည်းလေ... ရုပ်ကလေး လှတာလေး တခုပဲ ပြောစရာ ရှိတယ်။ တွေးလိုက်တဲ့ အတွေး၊ ပြောလိုက်တဲ့ အပြောအဆိုတွေကလည်း ရှုံးများနေသလားဟ"

ကျွန်တော့်စကား ကြားတော့ သူက စိတ်ဆိုးဟန် မပြဘဲ ပခုံးနှစ်ဘက် အသာတွန့်ပြပြီး...

"ရတယ်လေ... ဘာမှ မဖြစ်ဘူး။ နင် မပြောပြလည်း အန်တီတို့ကို မေးလို့ရတာပဲ...၊ သွားမေးမယ်။ အနည်းဆုံးတော့ နင့်ဆီမှာ ခိုးကြောင်ခိုးဝှက် ကိစ္စလေးတွေ ရှိနေတယ် ဆိုတာကိုတော့ အန်တီတို့ သိသွားမှာပဲ"

ပြောပြောဆိုဆို သူက ပြန်လှည့်ထွက်သွားတာကြောင့် ကျွန်တော် စိတ်ပူပန်စွာနဲ့ "ဟေ့... နေဦး" လို့ ပြောပြီး ကမန်းကတန်း တားလိုက်ရတယ်။ မဖြစ်ဘူး... မေမေတို့ သိလို့ မဖြစ်ဘူး။ အမှန်က ဓာတ်ပုံထဲက ဘယ်သူဆိုတာ မေမေတို့ရော တစ်အိမ်သားလုံးပါ သိကြပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ အစဖော် အသိပေးလို့ လုံးဝမဖြစ်ဘူး။ ကျွန်တော် အလန့်တကြား တားလိုက်တော့ သူက မချိုမချဉ်မျက်နှာပေးနဲ့ အခန်းထဲ ပြန်ဝင်လာတယ်။ ပြီးတော့ ကျွန်တော့်ဘေးနားမှာ ဝင်ထိုင်လိုက်ပြီး ကျွန်တော့်နားရွက်ကို သာသာ လိမ်ဆွဲပါတယ်။

"ပြောပြမယ် မဟုတ်လား"

ကျွန်တော် သက်ပြင်းချရင်း ခဏငိုင်နေမိပြီးမှ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း...

"ခူးခူး... နင်က ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်း။ ငါတို့နှစ်ယောက်ကြားမှာ ဘာတခုမှ လျှို့ဝှက်ချက် ထားစရာမလိုဘူး...၊ ငါသိတယ်။ ဒီအကြောင်း နင် သိရင်လည်း ဘာမှ မဖြစ်ဘူး။ ဒါပေမဲ့ ငါ ပြောဖို့ အင်အား မရှိတာ၊ သတ္တိမရှိတာ...။ နင့်ကို ပြောပြဖို့အတွက် ဆိုရင် ဒီဓာတ်ပုံလေး အကြောင်းက ငါ့ခေါင်းထဲ အရင်ရောက်လာရမှာ။ ငါ တချိန်လုံး ကြိုးစားပြီး မေ့နေရတဲ့ အကြောင်းအရာတွေက တခါပြန်ပြီး ငါ့အတွေးထဲ ရောက်လာဦးမှာ။ မေမေတို့ကို နင် သွားမေးလည်း ငါတို့ တမိသားစုလုံး စိတ်ဆင်းရဲရရုံပဲ ရှိမယ်။ ငါတို့



mgyoe.com

တမိသားစုလုံး ခက်ခက်ခဲခဲ ကြိုးစားပြီး မေ့ထားခဲ့ကြရတဲ့ အဖြစ်တွေမို့လို့ နင့်ကိုမှ မဟုတ်ဘူး၊ ဘယ်သူမှ မပြောချင်ဘူး။ ကိုယ်တိုင်လည်း မတွေးချင်ဘူးလေ။ ခူးခူး... နင်နားလည်ပါ၊ ဒီထက်ပိုပြီးလည်း ငါ ရှင်းမပြတတ်ဘူး။ မပြောချင်လို့ ဖုံးထားတာထက် ပြန်ကို မတွေးချင်တဲ့ အကြောင်းအရာမို့လို့ပါ"

သူ့မျက်နှာက သိချင်စိတ်လည်း ပြင်းပြ၊ ဆက်မေးရမှာလည်း အခက်နဲ့ တော်တော် စိတ်ရှုပ်သွားပုံ ပေါ်တယ်။ ကျွန်တော် တကယ်ကို စိတ်ထိခိုက်ပြီး တောင်းပန်နေတယ် ဆိုတာလည်း သူ သိမှာပါ။

"အေးလေး.. ပြီးတာပါပဲ၊ မပြောချင်လည်း ဆက်မမေးတော့ပါဘူး"

မကောင်းတတ်လို့ ဆက်မမေးတော့ပေမယ့် သိပ်တော့ ကျေနပ်ဟန် မတူပါဘူး။

"အပြင်ခဏ သွားဦးမယ်ဟာ" ဆိုပြီး ထွက်သွားပါတော့တယ်။

ဒီတခါတော့ ကျွန်တော် မတားလိုက်တော့ဘူး။ ဓာတ်ပုံလေး အကြောင်းကို ခေါင်းထဲက ရအောင်ထုတ်ပြီး ပစ္စည်းတွေ ဆက်သိမ်းမယ် ပြင်တုန်း "ဟော့... မိခူးခူး မျက်နှာကြီး စူပုပ်ပြီး ထွက်သွားပါလား၊ အိမ်အဝမှာ ငါနဲ့ တွေ့လို့ ကိုလေးတဲ့... ကိုလေးညီက အကျင့်ပုပ်တဲ့ ပြောသွားတယ်။ ဟဲ... ဟဲ..၊ ငါ့ကောင် ဘာတွေ သွားပြီးလုပ်လိုက်တာတုန်း" ဆိုတဲ့အသံနဲ့ ကိုကိုလေးက အခန်းထဲ ဝင်လာပြန်ပါတယ်။

အိမ်အရွှေ့အပြောင်းအတွက် အလုပ်များနေတာကြောင့် ကိုကိုလေး က ဝိုင်းကူရအောင် ရန်ကုန်ကနေ ခဏပြန်လာတာပါ။ ရောက်တော့လည်း ကူသိမ်းတာထက် သူ့သူငယ်ချင်းတွေနဲ့ လျှောက်လည်နေချိန်က ပိုများပါ တယ်။ အခုလည်း အခန်းထဲ ဝင်လာ၊ ရှုပ်ပွနေတာတွေ တချက်ကြည့်ပြီး "ခန့်... ငါ ရေချိုးလိုက်ဦးမယ်" ဆိုပြီး ပုဆိုးတထည် ပခုံးပေါ် လွှားရင်း ပြန်ထွက်သွားခဲ့တယ်။ ပစ္စည်းတွေ ဆက်သိမ်းဖို့ စိတ်မပါတော့တာကြောင့် အိပ်ရာပေါ် ခဏလှဲရင်း မျက်လုံးတွေ မှိတ်ထားလိုက်မိပါတယ်။

ဓာတ်ပုံဟောင်းလေး...။ တဆတ်ဆတ် တုန်ခါနေတဲ့ လက်ကလေး တွေ၊ "ခန့်... ခန့်..." လို့ ကြောက်လန့်တကြား အားကိုးတကြီး အော်ဟစ် လိုက်တဲ့ အသံလေးတွေ၊ သွေးပျက်စရာ ရွံ့ရှာစရာ မြင်ကွင်းတွေ၊ အနီရောင် သွေးတွေ၊ သွေးတွေ... သွေးတွေ...။ ဟင့်အင်း... မတွေးနဲ့၊ မတွေးနဲ့... မတွေး


mgyoe.com

mgyoe.com

ပါနဲ့တော့....။

ကျွန်တော့်ပါးပေါ်ကို မျက်ရည်တစက် လိမ့်ဆင်းကျလာတယ်။ မကျက်သေးတဲ့ ဒဏ်ရာမှာ ဒဏ်ချက်အသစ်က ရောက်လာပြန်တော့....။

မိုးက ဖွဲဖွဲကလေး ရွာနေတယ်။ အိမ်ထောင်ပရိဘောဂတွေ တင်ထားတဲ့ ကားကြီးက ရှေ့ကနေ ထွက်သွားနှင့်ပြီ။ ကျွန်တော်တို့ မိသားစုကတော့ လာနှုတ်ဆက်ကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေကို နှုတ်ဆက်လို့ မဆုံး။ မေမေက ဟာလာဟင်းလင်း ဖြစ်နေတဲ့အိမ်ကို ကြည့်ရင်း ငိုတယ်။ ခြံထဲက သူ စိုက်ပျိုးထားခဲ့တဲ့ နှင်းဆီ၊ စံပယ် ပန်းပင်ပေါင်းစုံဆီက အပွင့်လေးတွေ ကောင်းနိုးရာရာ လိုက်ခူးပြီး ငှက်ပျောဖက်လေးနဲ့ ထုပ်လေရဲ့။

"ဟိုရောက်ရောက်ချင်း ဒီက ပန်းလေးတွေကို ဘုရားကပ်မလို့ မိုးရဲ့" လို့ ပြောတော့ အန်တီမိုးပါ မျက်ရည်ကျတယ်။ ကားမောင်းရမယ့် ကိုကိုလေးကတော့ အလျင်လိုနေပြီ၊ မိုးနဲ့ လေနဲ့ ဖြည်းဖြည်းမောင်းသွားရမှာမို့လို့ စောစောသွားရအောင်တဲ့။ ကျွန်တော့်သူငယ်ချင်းတွေကို နှုတ်ဆက်လက်ပြ၊ ကျွန်တော် အတွေ့ချင်ဆုံး တယောက်ကတော့ ရှိမနေဘူး။ မိခူးခူးလေ...။

ကျွန်တော် လိုက်ပြောင်းသွားတဲ့ ကိစ္စရော၊ ဟိုတစ်နေ့က ဓာတ်ပုံကိစ္စအတွက်ပါ ရောပြီး စိတ်ကောက်နေတောကြောင့် ဒီရက်ပိုင်း ကျွန်တော့်ကို စကားဟဟ မပြောဘဲ ရှောင်နေခဲ့ပါတယ်။ ကိုကိုလေးကတော့ "ခွဲရခွာရ ပိုလွယ်အောင် မင်းကို တမင်စိတ်ဆိုးပြနေတာ နေမှာ" လို့ ပြောပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပြောင်းရွှေ့မယ့် မနက်ခင်းမှာ ခပ်စောစောကတည်းက ဘယ်မှာမှ ရှာလို့ မရအောင် ကိုယ်ယောင် ဖျောက်နေတာကတော့ အရမ်းလွန်တာပဲ။ ကျွန်တော် စိတ်လည်း ဆိုးတယ်၊ ဝမ်းလည်း နည်းတယ်။ ဘယ်အချိန် ပြန်ဆုံမယ်မှန်း မသိတဲ့ အခါမျိုးမှာ မျက်နှာချင်းဆိုင် နှုတ်ဆက်ခွင့် မရှိတော့ဘူးလား။ အန်တီမိုးက အားနာနာနဲ့ ကျွန်တော်တို့ မိသားစုကို တောင်းပန်နေတယ်။

"ခူးခူးကတော့ တကယ့်အဆိုးမလေးပါ ဆရာတို့ရယ်။ ခုလည်း


mgyoe.com

mgyoe.com SAMPLE BOOK

ဘာရယ်တော့ မဟုတ်ဘူး။ ခန့် ပြောင်းသွားမှာကို သူက အရမ်း စိတ်မကောင်း ဖြစ်နေတာလေ။ မနေ့ကတောင် မိုးကို ပြောနေသေးတယ်။ မေမေ... ခူးခူး ငိုမိမလား မသိဘူးတဲ့။ သူလူကြားထဲ မျက်ရည်မကျချင်လို့ တနေရာ သွားငို နေပြီ နေမှာ"

အားလုံးရဲ့ အကြည့်က ကျွန်တော့်ဆီ ရောက်လာတယ်။ ကျွန်တော် အားတင်းပြုံးပြလိုက်တယ်။

"ရတယ်... အန်တီမိုး၊ သူ ပြန်လာရင်သာ သားနှုတ်ဆက်သွား တယ်လို့ ပြောပေးပါနော်"

"ကဲ... ကဲ... သွားကြစို့"

ဖေဖေ့စကား အဆုံးမှာ အားလုံး ကားပေါ်တက်ဖို့ ပြင်တယ်။ မေမေ နဲ့ အန်တီမိုးက ဖက်ငိုနေပြီ။ ရောက်နေတဲ့ မိတ်ဆွေတွေလည်း မျက်နှာ မကောင်း။ မေဖေက ဒီမြို့မှာ လူချစ်လူခင် များခဲ့တဲ့ သွားဆရာဝန်ယောက်ပဲ။ မေမေ့မိတ်ဆွေ အန်တီတချို့လည်း မျက်ရည်တွေနဲ့ ပွေ့ဖက်နှုတ်ဆက်၊ သံယောဇဉ်ကြီးတတ်သူတွေ အတွက်တော့ ခွဲခွာမှုတိုင်းဟာ ရင်ကို မွှန်းတဲ့ ဓားတစင်းပါပဲ။

ကျွန်တော် ကားပေါ် အရင်ဆုံးတက်တယ်။ ကျွန်တော် မျက်ရည်ကျ ချင်နေပြီ။ ခူးခူးကိုလည်း တွေ့ချင်စိတ်နဲ့အတူ ဒေါသထွက်လာတယ်။

လူရှေ့မှာ မျက်ရည်ကျမှာ စိုးလို့တဲ့လား။ ငါတို့ရဲ့ သံယောဇဉ်က နင့်အတွက် မျက်ရည်တစ်စက်လောက်တောင် ထိုက်တန်မှု မရှိတော့ဘူးတဲ့ လား။ ကိုယ် ချစ်ခင် တွယ်တာတဲ့ သူတွေအတွက် မျက်ရည်ကျရတယ် ဆိုတာ ရှက်စရာ မဟုတ်ဘူးဟ၊ ကြည်နူးစရာ၊ ကရုဏာသက်စရာ...။

ကျွန်တော် နှုတ်ခမ်းကို တင်းတင်းစေ့ ကိုက်ထားလိုက်မိတယ်။

ကားလေး ထွက်လာတဲ့ အချိန်မှာ မိုးက နည်းနည်းလေး ပိုသည်း လာတယ်။ မေမေက မျက်ရည်တွေ သုတ်ပြီး ပရိတ်တရားတော်ကို ရွတ်ပါတယ်။ ဖေဖေက "ကိုလေး.. ဖြည်းဖြည်းသာ မောင်း၊ ကိုယ့်မိသားစုပဲဆိုတော့ အရောက်နောက်ကျလည်း ဘာမှ မဖြစ်ဘူး" လို့ ပြောတယ်။

လမ်းတလျှောက် ကျွန်တော့်အတွက် နာကျင် အမှတ်ရစရာတွေ ချည်းပါပဲ။ သူနဲ့ ကျွန်တော် စက်ဘီးကိုယ်စီနဲ့ ဘီးရာချင်း ခြေရာချင်းထပ်ခဲ့တဲ့


mgyoe.com

mgyoe.com

လမ်းလေးတွေ။ မိုးရွာပြီဆို ထီးပါရဲ့သားနဲ့ နှစ်ဦးသား ထီးမဆောင်းဘဲ မိုးရေထဲ တမင် စက်ဘီး ပြိုင်နင်းခဲ့ကြတာတွေ။ ခူးခူး... ခူးခူး... ငါ နင့်ကို တွေ့ချင်တယ်၊ နင် ဘယ်မှာလဲ။ ကျွန်တော့်မျက်လုံးတွေမှာ မျက်ရည်တွေနဲ့ စိုစွတ်လာတယ်။ ဘယ်သူမှ မမြင်အောင် ပြတင်းမှန်ဘက် ခေါင်းစောင်းပြီး အပြင်ကိုပဲ ငေးနေလိုက်ရပါတယ်။ ကိုကိုလေး ဖွင့်လိုက်လို့ Beatles ရဲ့ Yesterday သီချင်းလေးက ကားထဲမှာ တိုးတိုးလွင့်ပျံ့လာလေရဲ့။

*Yesterday, all my troubles*
*Seemed so far away*
*How it looks as though*
*They're here to stay*
*Oh... I believe in yesterday...*

*Suddenly, I'm not half the man I used to be...*
*There's a shadow hanging over me*
*Oh... yesterday came suddenly...*

*Why she had to go,*
*I don't know, she wouldn't say...*
*I said something wrong*
*Now I long for Yesterday..."*

သီချင်းလေးရဲ့ ညို့ငင်မှုမှာ တုန်ရီလှုပ်ခါနေရင်းကနေ တဖြည်းဖြည်း မြို့ပြင်ဘက် ရောက်လာခဲ့ကြတာကို သတိထားမိလိုက်တယ်။ နေခဲ့တော့ ခူးခူး...။ ငါလည်း လွမ်းမယ်၊ နင်လည်း လွမ်းချင်ရင် လွမ်းနေပါ၊ မလွမ်းချင်လည်း ရတယ်။ တိုက်ဆိုင်လို့ သတိရရင် တော်ပါပြီ။

မြို့အမည် ဆိုင်းဘုတ်ကို ကျော်လာတဲ့အချိန်မှာ ကိုကိုလေးက ဖေဖေ့ဘက်က နောက်ကြည့်မှန်ကို ကြည့်ပြီး အံ့အားသတင့်နဲ့ "ဖေဖေ...


mgyoe.com

mgyoe.com SAMPLE BOOK

ဟိုမှာ…" လို့ ပြောရင်း ကားဘရိတ်ကို နင်းချလိုက်တယ်။ မိုးရေနဲ့ ချောပြောင်နေတဲ့ လမ်းမထက်မှာ ကားဘီးတာယာ ပွတ်တိုက် ရပ်တန့်သွားသံက ကျွီခနဲ ကျယ်လောင်ရှည်လျားစွာ အော်မြည်ပြီး ကားလေးက တုန့်ရပ်သွားပါတော့တယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၆ ]

"ဟိုမှာ ခူးခူး မဟုတ်လား"

ကိုကိုလေးက နောက်ကြည့်မှန်ကို ကြည့်ရင်း မေးပါတယ်။ ကျွန်တော်တို့ လှည့်ကြည့်လိုက်တော့ မြို့အမည် ဆိုင်းဘုတ်ဘေးက စိန်ပန်းပင်ကြီးအောက်မှာ အနီရောင်ထီးလေးကို ဆောင်းပြီး တဦးတည်း ရပ်နေတဲ့ ကောင်မလေးတယောက်ကို တွေ့လိုက်ရတယ်။ ကားနဲ့ ခပ်လှမ်းလှမ်း ဖြစ်နေတာက တကြောင်း၊ မိုးစက်တို့ ခပ်သည်းသည်း စိပ်စိပ် ကျနေတာက တကြောင်းကြောင့် ဘယ်သူ ဘယ်ဝါ ဆိုတာကိုတော့ သဲသဲကွဲကွဲ မတွေ့ရပါဘူး။ ဒါပေမဲ့ ကျွန်တော် သိတယ်။ အဲဒါ သူပဲ။ သူ့ရဲ့ ထီး၊ နောက် သူ ဝတ်ထားတဲ့ အစိမ်းရောင် အပေါ်ဝတ် မိုးကာလေး...၊ ရှေ့မှာ ရပ်ထားတဲ့ Crocodile စက်ဘီးလေးကလည်း သူ့စက်ဘီး။

ကိုကိုလေးက ကားထဲမှာ ရှိနေတဲ့သူတွေကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး "ကား နောက်ပြန်ဆုတ်လိုက်ရမလား" လို့ မေးတယ်။ မေမေက ကျွန်တော့်ကို တချက်ကြည့်ပြီး "ခန့်... ဆင်းနှုတ်ဆက်ချင်သေးလား" လို့ မေးပါတယ်။ ကျွန်တော်တို့ကားလေး ရပ်လိုက်တဲ့အချိန်မှာကတည်းက သူက စက်ဘီးပေါ်



mgyoe.com

mgyoe.com SAMPLE BOOK

ပြန်တက်ဖို့ ပြင်နေပြီ။ ဖေဖေက အခြေအနေကို အကဲခတ် လိုက်ပြီး-

"မဆင်းနေပါနဲ့တော့… ပိဝမ်းနည်းနေကြမယ်။ ဟိုမှာ ခူးခူးလေး လည်း မျက်နှာချင်းဆိုင်တော့ နှုတ်ဆက်ချင်ဟန် မတူဘူး။ ပြန်တော့မယ် တွေ့လား၊ ထားလိုက်တော့…။ နောက်လည်း ဖုန်းဆက်၊ စာရေးလို့ ရနေတာ ပဲ။ မိုးကလည်း ရွာနေတယ်…"

ကျွန်တော် နောက်လှည့်ကြည့်မိတယ်။ အသိစိတ်တွေက ထုံကျဉ် ထိုင်းမှိုင်းနေပြီ။ ခူးခူး သူ့စက်ဘီးလေးပေါ် တက်ပြီး လှည့်ထွက်သွားပြီ။ ထီးကို စက်ဘီးဘေးတန်းကြားထဲ ထည့်ပြီး ထုံးစံအတိုင်း မိုးရေထဲမှာ စိတ် လွတ်ကိုယ်လွတ်…။ ကျွန်တော် ခေါင်းကို ဖြည်းဖြည်းယမ်းခါလိုက်တယ်။

"ရတယ်… ကိုလေး၊ မောင်းတော့…"

ကားဘီးလေး စလိမ့်တဲ့အချိန်က ရင်ထဲမှာ လျှောင်လှုပ်လိုက်သလိုပဲ သိမ့်သိမ့်တုန်ခါလာလေရဲ့။ ခဏပဲဖြစ်ဖြစ် ကြာရှည်ပဲဖြစ်ဖြစ် သေချာတာ တခုကတော့ ခုချိန်မှာ သူနဲ့ ကျွန်တော် ဝေးကွာခဲ့ပြီ ဆိုတာပါပဲ။ တနေ့ ပြန်ဆုံ ဖြစ်ကြမယ် ဆိုရင်တောင် အရင်လို မိုးလင်းကနေ မိုးချုပ် တယောက်နဲ့ တယောက် ခွဲမရအောင် နီးကပ်တွယ်တာခဲ့တဲ့ နေ့ရက်တွေလိုမျိုးကတော့ ပြန်ရဖို့ အတော်ခဲယဉ်းသွားခဲ့ပြီဆိုတာ ကျွန်တော် သိနေတယ်။

လမ်းမကြီး တခုတည်းမှာ သူ့ရဲ့ဦးတည်ရာနဲ့ ကျွန်တော့် ဦးတည်ရာ က ဆန့်ကျင်ဘက်…။

ကျောင်းအသစ်၊ သူငယ်ချင်းအသစ်တွေနဲ့ နေသားကျအောင် ကြိုးစား နေရတဲ့ အချိန်မှာ ခူးခူးကို အရမ်းသတိရမိတယ်။ ဆယ်တန်းဖြစ်တဲ့အတွက် ကျောင်း၊ ကျူရှင် စာကျက်ချိန်၊ နားချိန် မျှတအောင် ကြိုးပမ်းနေရချိန် ဖြစ်တာ ကြောင့် သတိရတိုင်း စာတစောင် ကောက်ရေးဖို့၊ စာတိုက်ကနေ ပို့ဖို့ဆိုတာ ကလည်း သိပ်အဆင်မသင့်ပြန်ဘူး။ ပြောင်းလာကာစ ဖြစ်တဲ့အတွက် အိမ်မှာ လည်း ဖုန်းက မရှိသေး။ ဖုန်းလျှောက်ဖို့ ဆိုတာကလည်း လွယ်ကူလှတဲ့ အလုပ်တော့ မဟုတ်ပြန်ဘူးလေ။ သိပ်လိုအပ်တာမျိုး မဟုတ်တဲ့အတွက်


mgyoe.com

mgyoe.com SAMPLE BOOK

လက်ကိုင်ဖုန်းတလုံးကို သိန်းသုံးလေးဆယ် ပေးပြီး ဖေဖေက မဝယ်ချင်ပါဘူး။ သုံးအိမ်ကျော်လောက်မှာ ရှိတဲ့ စတိုးဆိုင်မှာတော့ ငွေပေးပြီး ဖုန်းဆက်လို့ ရသလို ဖုန်းလာရင်လည်း ခေါ်ပေးတဲ့အတွက် အဆင်ပြေပါတယ်။ သထုံကို ရောက်ပြီး နှစ်ရက်အကြာမှာ ကျွန်တော် သူ့ဆီ ဖုန်းခေါ်ပါတယ်။

"ခူးခူး... နေကောင်းရဲ့လား"

သူ ဘာမှ ပြန်မဖြေဘူး။ ဖုန်းလိုင်း မကောင်းလို့များလား၊ မဟုတ်ဘူး... သူ ကက်ဆက်ဖွင့်ထားတာ ကျွန်တော် ကြားနေရတယ်လေ...။ ဖုန်းထဲကနေ Christina Aguilera ရဲ့ Reflection ဆိုတဲ့ သီချင်းလေးပေါ့။

"ခူးခူး... ဘာလို့ ဘာစကားမှ မပြောတာလဲ။ ငါ ကားပေါ်က ဆင်းပြီး မနှုတ်ဆက်လို့ နင် စိတ်ကောက်နေတာလား။ အဲဒီလို ပြောကြကြေးဆို မနက်ကတည်းက ဘာမှ မပြောဘဲ ရှောင်ထွက်သွားတာက နင်နော်။ ငါတို့ကားကို နောက်ပြန်ဆုတ်မလို့ပဲ နင်က ချက်ချင်း စက်ဘီးပေါ် ကောက်တက်ပြီး..."

ကျွန်တော့်စကား မဆုံးခင် ရှိုက်သံသဲ့သဲ့ကို ဖုန်းထဲကနေ ကြားလိုက်ရတယ်။ ခူးခူး ငိုတာကို တွေ့ရခဲလှတဲ့အတွက် ကျွန်တော် တော်တော်လေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါတယ်။

"ခူးခူး... ငါ စိတ်ပူအောင် မလုပ်နဲ့။ ဘာဖြစ်တာလဲ... ပြောပါဦး"

ရှိုက်သံ တိုးတိုးက တစစနဲ့ ပိုပြီး ကျယ်လောင်လာတယ်။ ပြီးတော့ ငိုသံသဲ့သဲ့...၊ အားပါးတရ... ဝမ်းပန်းတနည်း ရှိုက်ငိုချလိုက်သံ။

ဖုန်းကိုင်ထားတဲ့ ကျွန်တော့်လက်တွေက ခွန်အားတွေ ယုတ်လျော့ကုန်တယ်။ တုန်ခါနေတဲ့ နှုတ်ခမ်းဆီက မပီမသ ရေရွတ်သံကလွဲလို့ ဘာစကားမှ ပြောနိုင်စွမ်း မရှိတော့။ သူ့ငိုသံကြောင့် ကျွန်တော် မျက်ရည်တွေ စို့လာရတယ်။ သူများအိမ်မှာ ဆိုတဲ့ အသိနဲ့ စိတ်ကို တင်းလိုက်ရပေမယ့် ကျွန်တော် မထိန်းနိုင်ပါဘူး။ မျက်ရည်တို့က အလိုလို ကျလာတယ်။

"နင် ကားပေါ်က ဆင်းမလာတာကိုပဲ ငါ ကျေးဇူးတင်နေတာ၊ ငါ ရင်မဆိုင်ရဲဘူးလေ၊ ဘာမှန်း မသိဘူး။ ခွဲရတာ သေချာပေမယ့် ခွဲခွာရတဲ့အချိန်ကို ငါ ရင်မဆိုင်နိုင်ဘူး"

ငိုသံကြားက စကားလုံးလေးတွေက မသဲမကွဲ။


mgyoe.com

mgyoe.com SAMPLE BOOK

"နင်က ပြောင်းသွားရတာ နေရာအသစ်မှာ၊ ပတ်ဝန်းကျင် အပြောင်းအလဲနဲ့ နင့်စိတ်ကို အလုပ်ပေးစရာတွေက အများကြီး။ ငါက နေရာဟောင်းမှာ ကျန်ခဲ့တာ။ နင် မရှိဘဲ ကျောင်းကို ငါ တယောက်တည်း သွားရတဲ့ အချိန်တိုင်း၊ နင် မရှိဘဲ စာဖတ်ရတဲ့ အချိန်တိုင်း၊ အခန်းပြတင်းပေါက် ဖွင့်လိုက်တိုင်း နင် မရှိတော့ပါလား ဆိုတဲ့အသိနဲ့ လှမ်းမြင်နေရတဲ့ ပိတ်ထားတဲ့ နင့်ရဲ့ အခန်းတံခါး။ ငါ... ငါလေ..."

အား... ကျွန်တော် မှားပြီလား...၊ နေခဲ့လိုက်ရမှာ။ အခွင့်အရေး ပေးတဲ့ အခိုက် ကျွန်တော် နေခဲ့ရမှာ။ ကျွန်တော်တို့နှစ်ယောက် တယောက် တနေရာစီ နေရတဲ့ အခြေအနေမျိုးကို နာကျင်မှု အနည်းဆုံးနဲ့ လက်ခံနိုင်စွမ်း ရှိလာအောင် ပြင်ဆင်နိုင်ဖို့ အချိန် အတိုင်းအတာလေးတခု ရနိုင်ဖို့ ကျွန်တော် နေခဲ့လိုက်ရမှာ...။ ငါးနှစ်နီးပါး ကျွန်တော့်ဘေးကို လှည့်ကြည့်လိုက်ရင် သူ ရှိခဲ့တယ်၊ သူ့နံ့ဘေးကို ငဲ့ကြည့်လိုက်ရင် ကျွန်တော် ရှိနေမယ်...။ ခုတော့...။

ဖုန်းပြောပြီး ပိုက်ဆံရှင်းတော့ ဆိုင်ရှင်အန်တီက မျက်ရည်သုတ်နေတဲ့ ကျွန်တော့်ကို ကရုဏာသက်သလို ကြည့်ပါတယ်။ "သူငယ်ချင်းလား" လို့ မေးလေရဲ့။ ဆယ်တန်းကျောင်းသားလေး တယောက်မှန်း သိထားလို့သာ သူငယ်ချင်းလားလို့ မေးလိုက်ရပေမယ့် သူ့အကြည့်က ဒီ့ထက်မက ထင်မြင်ထားတဲ့ ပုံစံ ရှိပါတယ်။

"ဟုတ်တယ်... အန်တီ၊ အရမ်းချစ်ရတဲ့ သူငယ်ချင်းပါ" လို့ ပြောလိုက်တော့ အန်တီက ပြုံးပြုံးလေးကြည့်ပြီး "သူငယ်ချင်းကို သတိရရင် လာဆက်ပါ... သား။ သားသူငယ်ချင်းက လှမ်းဆက်ရင်လည်း အန်တီ လာခေါ်ပေးမယ်... အားမနာနဲ့" လို့ ပြောပါတယ်။

ဒါပေမဲ့ အဲဒီနောက်ပိုင်း ကျွန်တော် သူ့ဆီ ဖုန်း သိပ်မဆက်ဖြစ်တော့ပါဘူး။ ကျောင်းသားတယောက် အနေနဲ့ လူကြီးတွေ မျက်စိနောက်ရလောက်အောင် ဖုန်းဆိုင် ခဏခဏ သွားရမှာကိုလည်း မျက်နှာပူလို့ပါ။ စာတော့ ရေးဖြစ်ပါတယ်။ ကျွန်တော် အဲဒီမြို့မှာ နေခဲ့တုန်းကလည်း ခူးခူးက လွဲပြီး ကျန်တဲ့ သူငယ်ချင်းတွေက ပုံမှန်ရင်းနှီး ခင်မင်ခဲ့ရုံဆိုတော့ တကူးတက စာလှမ်းရေးနေဖို့ကလည်း သူပဲ ရှိတာ မဟုတ်လား။ တလ နှစ်ခါလောက်တော့ စာပို့ဖြစ်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ရေးရင် ကျောင်းအကြောင်း၊ စာအကြောင်း ဆိုပေမယ့် သူ ပြန်ရေးရင်တော့ သီချင်းအကြောင်းတွေ၊ သူရတဲ့ ရည်းစားစာအကြောင်းတွေ များပါတယ်။ မိခင့်သောကထဲက မဒ္ဒီဒေဝီထက် အကြင်နာအင်အားထဲက ချောစုခင်ကို သူ ပိုစိတ်ဝင်စားတယ်။ ဖော်ပိုင်ရဲ့ မြို့အဝင်ည စီးရီးက ဝက်ဝက်ကွဲ ပေါက်ပြန်တော့ ဒီစီးရီးအကြောင်း တခမ်းတနား ဖွဲ့နွဲ့ထားတာကို ဗလာစာရွက် လေးမျက်နှာနီးပါးလောက် ရေးပို့လိုက်ပြန်တယ်။ ဒါတင်မကဘဲ သူ့အကြိုက်ဆုံး သီချင်းတပုဒ်ကို ဂစ်တာလေးနဲ့ တီးဆို အသံသွင်းထားတဲ့ အခွေလေးကိုပါ လုံလုံခြုံခြုံ သိမ်းထုပ်ပြီး ကျွန်တော့်ဆီ လှမ်းပို့လိုက်သေးရဲ့။

*"မဆုံသောလမ်း××× မင်းပဲ ရွေးချယ်သွားပြီး×××*
*ကျန်နေသူက ရူးမိ××× ဟေး.... ငုံကြည့်ဦး×××*
*မဆုံချင်ဘူး အလွမ်းနွဲ့××× မင်းဘဝအတွက် ချန်ခဲ့×××*
*မဆုံသော လမ်း...."*

သူ့သီချင်းသံလေး နားထောင်ပြီး ကျွန်တော် သုံးရက်လောက် စာကျက်လို့ မရ ဖြစ်သွားခဲ့တယ်။ စာကြည့်စားပွဲမှာ ငေးငိုင်ငိုင် ဖြစ်နေတတ်တဲ့ ကျွန်တော့်ကို မေမေတို့က တစေ့တစောင်း အကဲခတ်ရင်း နေမကောင်းဘူးလားလို့ မေးရုံကလွဲပြီး အသေးစိတ်တော့ မစစ်ဆေးခဲ့ပါဘူး။ ခူးခူးအပေါ် ကျွန်တော် သံယောဇဉ်ရှိတာ မေမေတို့ ရိပ်မိသင့်သလောက် ရိပ်မိနေလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

တရက် ကျွန်တော် ကျောင်းက ပြန်လာတော့ မေမေက "ခူးခူးဆီက စာလာတယ်... ခန့်" လို့ ပြောပြီး စာတစောင် ပေးပါတယ်။ အရင်ကဆို စာအိတ်လေးတွေကို ပုံမှန်အနေအထားအတိုင်း လက်ခံခဲ့ရပေမယ့် ဒီတစောင်ကတော့ စာအိတ် ပွင့်လျက်သား။

"ဒီနေ့ စာလာတာ သုံးစောင် ခန့်ရေ...။ မိုးရဲ့ စာလည်း ပါတာနဲ့ မေမေကမန်းကတန်း ဖွင့်ဖတ်လိုက်တာ ခန့် စာပါ ဖောက်မိသွားတယ်" ဆိုပြီး ဖြေရှင်းချက် ပေးပါတယ်။

ကျွန်တော် မေမေ့ကို ဘာမှ မဖြစ်ဘူး မေမေ ရတယ်လို့ ပြောလိုက်


mgyoe.com

ပေမယ့် စိတ်ထဲကတော့ ခူးခူးနဲ့ ကျွန်တော့ကြားက ဆက်သွယ်မှုကို မေမေ နည်းနည်း အသေးစိတ် သင်နေပြီဆိုတာ သဘောပေါက်ခဲ့တယ်။ ခူးခူး စာက လည်း ပုံမှန်အတိုင်း သီချင်းအကြောင်းပဲ ဆိုတော့ ပြဿနာ သိပ်မရှိလိုက် ပါဘူး။ အဲဒီညက ကျွန်တော် စာဖတ်ရင်း ဗိုက်ဆာလာလို့ အောက်ထပ် ဆင်းပြီး စားစရာ မုန့်တခုခု ရှာပါတယ်။ အရင်နေ့တွေက အိမ်ပေါ်မှာပဲ ကော်ဖီ ရေနွေး၊ မုန့် အသင့်ထားပြီးသား ဆိုတော့ တော်ရုံတန်ရုံ ညဘက် စာဖတ်ဖို့ အိမ်ပေါ် တက်ပြီးတာနဲ့ သန်းခေါင်သန်းလွဲ အိမ်အောက်ထပ် ဆင်းလေ့ မရှိ ပါဘူး။ ဒီနေ့ကျမှ မုန့်ကုန်တာ သတိမထားလိုက်မိဘဲ ရုတ်တရက် ဗိုက်ထဆာ လာတာနဲ့ အောက်ထပ် ဆင်းလာဖြစ်ခဲ့တာ။ မေမေတို့ အိပ်နေလောက်ပြီ ထင်လို့ ခြေကို ဖွဖွပဲ ဖော့နင်းလာခဲ့ပေမယ့် မေမေတို့ အခန်းနား အရောက် စကားသံ တိုးတိုးကြားရတာကြောင့် မအိပ်ကြသေးမှန်း သိလိုက်ရပါတယ်။

ကျွန်တော် မေမေတို့ ဘာပြောနေကြလဲ ဆိုတာ နားစိုက်မထောင် ဖြစ်ပါဘူး။ ဖေဖေတို့က ကျွန်တော်တို့ ညီအစ်ကိုတွေ သိသင့်တယ် ထင်သမျှ အားလုံး မခြွင်းမချန် ပြောပြတတ်တဲ့ မိဘတွေပါ။ မပြောပြရင်လည်း သိစရာ မလိုတဲ့ မသိသင့်တဲ့ကိစ္စ ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ နားလည်ပြီးသား။ ဒါကြောင့် ခိုးကြောင်ခိုးဝှက် နားထောင်တာမျိုး ကျွန်တော် ဘယ်တော့မှ မလုပ် ဖူးဘူး။ ဒါပေမဲ့ မေမေတို့ အခန်းရှေ့က အဖြတ် ခူးခူးနာမည် ပြောသံ ကြား လိုက်ရတာကြောင့် ခြေလှမ်းတွေ ခဏ တုန့်သွားရတယ်။

"ဖြူကတော့ မိုးနဲ့ ခူးခူးကို သနားတယ်" ဆိုတဲ့ မေမေ့စကားသံ...။

"ကိုယ်တို့ တတ်နိုင်တဲ့ကိစ္စမှ မဟုတ်ဘဲလေ။ ကိုထွန်းပြေရဲ့ ကာရိုက်တာ ကို နဂိုကတည်းက ကိုယ်တို့ သဘောကျခဲ့တာမှ မဟုတ်တာ။ မိုးကတော့ အနေအေးပြီး ခင်ဖို့ ကောင်းလို့..."

ဖေဖေ့စကားသံ ဆုံးတော့ ခဏတိတ်သွားပြန်တယ်၊ ဘာမှ ဆက်မကြား ရတော့ဘူး။ အကြာကြီး ဆက်ရပ်နေလို့လည်း မသင့်တော်တာကြောင့် အိမ် ပေါ်ထပ်ကို ကျွန်တော် ပြန်တက်လာခဲ့မိတယ်။ အခန်းထဲ ပြန်ရောက်ခါမှပဲ ဆင်းယူဖို့ သွားတဲ့ မုန့် မယူခဲ့ရသေးမှန်း သတိထားမိတော့တယ်။ ကိုယ့် ကိုယ်ကိုယ် သဘောတကျနဲ့ လှောင်ရယ်မိမဆုံး။ ပြန်လည်း ဆင်းမယူချင် တော့ပါဘူး။ ဦးထွန်းပြေ ဆိုတာက ခူးခူး ဖေဖေလေ။ ကြည့်ရတာ မိဘားစု



mgyoe.com

mgyoe.com

ပြဿနာ တခုခု ရှိလို့ နေမှာ…။ မေမေ့ကို မေးချင်ပေမယ့် ခိုးနားထောင်မိတာ သိသွားမှာ စိုးတဲ့အတွက် မမေးဖြစ်တော့ဘဲ ခူးခူးဆီကို အဆင်ပြေရဲ့လား ဆိုပြီး စာလှမ်းရေးဖြစ်ပါတယ်။ ဒါပေမဲ့ တလနီးပါး ကြာတဲ့အထိ ပြန်စာ မလာခဲ့ပါဘူး။ ဒီကြားထဲ တိုက်တိုက်ဆိုင်ဆိုင် မေမေက "ခူးခူးဆီက စာလာ သေးလား ခန့်" လို့ မေးလာတယ်။

"မလာဘူး မေမေ။ ခန့်တောင် သူတို့ အဆင်ပြေရဲ့လားလို့ စာနဲ့ လှမ်းမေးသေးတယ်၊ အဲဒါ စာမပြန်ဘူး"

မေမေက ကျွန်တော့်ကို မသင်္ကာသလို ကြည့်ပြီး-

"သူတို့ အဆင်ပြေရဲ့လား ဆိုတာက…၊ ခန့် ဘာလို့ အဲဒီလိုမျိုး မေး တာလဲ၊ အဆင်မပြေစရာ ရှိလိမ့်မယ်လို့ ထင်လို့လား"

"မဟုတ်ဘူး မေမေ၊ သာကြောင်း မာကြောင်း မေးကြည့်ရုံပါ"

မေမေ သက်ပြင်းခိုးရှိုက်လိုက်တာ ကျွန်တော် သတိထားမိလိုက် တယ်။

"စာတွေ လုပ်နေရလို့ အရင်လို ခဏခဏ စာမရေးဖြစ်တော့တာ နေမှာပါ။ သားလည်း စာဘက်ကိုပဲ သေချာအာရုံထားပါကွယ်။ သားပဲ All D လိုချင်တယ်ဆို…"

မေမေ့စကားကို အပြုံးတချက်နဲ့ပဲ ကျွန်တော် တုံ့ပြန်မိခဲ့တယ်။

တရက် နှစ်ရက် ကြာတော့ ခူးခူးဆီက စာရောက်လာပါတယ်။ အဆင်ပြေတယ်… စိတ်မပူနဲ့တဲ့။ အဲဒီနောက်ပိုင်း စာလေးတွေ မှန်မှန် ပြန် ရောက်လာခဲ့တယ်။ သူ့စာလေးတွေ ဖတ်ရတာ တမျိုးတော့ တမျိုးပဲ။ ကျွန်တော် မေးတာတွေလည်း ဖြေချင်မှ ဖြေတာ။ သူ့ဘာသာသူ ရေးချင် တာလေးတွေပဲ ပေါ့ပေါ့ပါးပါး ရေးလာတာမျိုးပါ။ တခါတလေ ဟာသလေး တွေ။ ဘာပဲပြောပြော သူ့ဆီက စာလာရင်ကို ကျွန်တော် ပျော်တာပဲ။ အဆင်ပြေ နေတယ် ဆိုလို့လည်း ဝမ်းသာရတယ်။ ထူးဆန်းတာက မေမေပါ။ ဒီဇင်ဘာ ကျောင်းပိတ်ရက် တရက်မှာ ခူးခူးဆီက စာတွေ လာတုန်းလားလို့ မေးပြီး လာတုန်းပဲ မေမေလို့ ပြောလိုက်တော့ မေမေ့မျက်နှာ တော်တော် ပျက်သွား ပေမယ့် ဘာမှတော့ ဆက်မပြောပါဘူး။ အဲဒီနောက်ပိုင်း ဖေဖေနဲ့ မေမေ တိုးတိုး တိုးတိုး တိုင်ပင်နေတာလေးတွေ ပိုစိပ်လာခဲ့မှန်း ကျွန်တော် သိထားမိ


mgyoe.com

mgyoe.com

နေခဲ့တယ်။ ဒါပေမဲ့ စာမေးပွဲ သိပ်ကပ်နေပြီဖြစ်လို့ စာမေးပွဲအတွက်ပဲ အာရုံနှစ်ထားလိုက်မိပါတော့တယ်။

စာမေးပွဲ ကောင်းကောင်းဖြေနိုင်ခဲ့လို့လည်း အရမ်းပျော်ခဲ့ရတယ်။ စာမေးပွဲဖြေပြီး သုံးရက်အကြာ မေမေက ကျွန်တော့်ကို မြသပိတ်တောင်ခြေက သီလရှင်ကျောင်းဆီ လိုက်ပို့ခိုင်းတယ်။ တောင်ခြေမှာက ဘုန်းကြီးကျောင်းတွေ၊ သီလရှင်စာသင်တိုက်တွေနဲ့ တကယ့်ကို အေးချမ်းစိတ်ငြိမ်တဲ့ နေရာပါ။ ပဋ္ဌာနဂီရိစာသင်တိုက်က ဆရာလေးတွေကတော့ ဖေဖေ့ဆေးခန်း လာပြရာက တဆင့် မေမေနဲ့ပါ ရင်းနှီးသွားပြီး ဆွေလိုမျိုးလို ဖြစ်နေကြတာပါ။ ဟိုရောက်တော့ မေမေက ကျွန်တော့်ကို ဆရာလေးတို့ကျောင်းမှာ ခဏထားခဲ့ပြီး မလှမ်းမကမ်းက ဘုန်းကြီးကျောင်းဆီကို အသိဆရာလေးတပါးနဲ့ သွားဖို့ပြင်တယ်။

"မေ... ခန့် လိုက်မယ်လေ၊ ဘာဖြစ်လို့လဲ" ဆိုတော့ မေမေက လက်မခံဘူး။ လူများနေမယ် ဆိုတဲ့ မခိုင်လုံတဲ့ အကြောင်းပြချက် ပေးပြီး ကျွန်တော့်ကို အတင်း ထားရစ်ခဲ့ပါတယ်။ ကျွန်တော် သိပ်တော့ မကျေနပ်ဘူးလေ။ ပိုဆိုးတာက ဘုန်းကြီးကျောင်းက ပြန်လာတဲ့ မေမေ့မျက်နှာကို ကြည့်ရတာ မျက်ရည်ကျခဲ့တဲ့ ပုံစံမို့လို့...။ ကျွန်တော် မနေနိုင်တော့ဘူး။

"မေ... ဘာဖြစ်နေတာလဲ။ ဘုန်းကြီးကျောင်းက ဘာအတွက် သွားတာလဲ၊ ဘာလို့ သား မလိုက်ရဘဲ ဒီမှာ နေခဲ့ရတာလဲ"

မေမေ့ကို ကြည့်ရတာ ကျွန်တော့်ကို ပြောပြချင်ပေမယ့် ပြောရခက်နေတဲ့ ပုံစံပါ။

ဆရာလေးတို့ ညှော်ခံထားတဲ့ ကော်ဖီကို တကျိုက် မော့သောက်ရင်း မေမေက စကားကို တခွန်းချင်း အားယူပြီး ပြောတယ်။

"မေမေ ဘုန်းကြီး လာပင့်တာ.. ခန့်"

"ဘာအတွက်လဲ မေ... အိမ်မှာ ဘာရှိလို့လဲ"

မေမေက နှုတ်ခမ်းကို အသာကိုက်ရင်း စကားလုံးရွေးနေပုံ ရတယ်။

"မနက်ဖြန် အိမ်မှာ ဆွမ်းသွပ်ဖို့ ဘုန်းဘုန်း လာပင့်တာ.. ခန့်"

ဆွမ်းသွပ်ဖို့ ဆိုတဲ့ စကားက ကျွန်တော့်နားထဲမှာ အထူးအဆန်းဖြစ်နေတယ်။ ဆွမ်းသွပ်တယ် ဆိုတာက တစုံတယောက်အတွက် ရည်စူး


mgyoe.com

ပြီးမှ…။

ဘယ်သူ ဘာဖြစ်လို့လဲလို့ မေးမယ်ပြင်တုန်း မေမေက အိခနဲ တချက်ရှိုက်ပြီး ငိုချလိုက်ပါတော့တယ်။

❑



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

မေမေ့မျက်ရည်တွေကို ကျွန်တော် ငေးကြောင် ကြည့်နေမိရင်း အခြေအနေကို နားလည်နိုင်ဖို့ ကြိုးစားနေမိခဲ့တယ်။ ဘယ်သူ့အတွက် ကျတဲ့ မျက်ရည်လဲ...။ ကျွန်တော် သိသလောက်ကတော့ ဆွေမျိုးသားချင်းတွေထဲ မှာလည်း နာရေးဆိုတာ လတ်တလော မရှိဘူးလေ။ မေမေ တခုခုကို ကျွန်တော် မသိအောင် ဖုံးကွယ်ထားခဲ့တာကတော့ သေချာနေပြီ။

“မေမေ့ကို ခွင့်လွှတ်ပါ ခန့်။ ခန့်ကို စောစောစီးစီး မေမေ အသိ မပေးခဲ့မိဘူး ဆိုတာကလည်း ခန့်က ဆယ်တန်း၊ အရေးကြီးနေတဲ့ အချိန် ဆိုတော့ စိတ်ထိခိုက်မှာ စိတ်မကောင်းဖြစ်မှာ စိုးရိမ်ပြီး မေ အသိမပေးခဲ့ တာ”

ကျွန်တော် ခေါင်းတွေ နောက်တက်လာပြီး အသိအာရုံတွေ ရောထွေး ရှုပ်ပွေစ ပြုလာတယ်။ ကိုကိုကြီးတို့၊ ကိုကိုလေးတို့များ... အာ... မဟုတ်ပါဘူး၊ မနေ့ကတင် ကိုကိုကြီးနဲ့ ဖုန်းပြောရပြီး ကိုကိုလေးက ဒီမနက်တင်ပဲ ရန်ကုန် ကနေ အိမ်ကို ခဏပြန်ရောက်နေတာပဲ။

“မေ ခန့်ကို ပြောပါ။ ဘာဖြစ်တာလဲ။ ဆွမ်းသွပ်ရအောင် ဘယ်သူ့



mgyoe.com

နာရေးမို့လို့လဲ၊ ခန့်တို့ အိမ်မှာ ဆွမ်းသွပ်ပေးရလောက်တဲ့ အထိလေ"

မေမေက ကျွန်တော့်မျက်နှာကို သေချာစိုက်ကြည့်ပြီး ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါနေခဲ့တယ်...။

"မိုး... မိုး မရှိတော့ဘူး ခန့်၊ မိုး ဆုံးပြီ ခန့်ရဲ့၊ မိုး ဆုံးတာ မနက်ဖြန်ဆို ငါးလပြည့်ပြီ"

မေမေ ပြောတဲ့ မိုး ဆိုတဲ့နာမည်က ရုတ်တရက် ကျွန်တော့်နားထဲမှာ လျှံသွားတယ်။ ခူးခူးရဲ့ အမေ အန်တီမိုး...။

"ဟုတ်ရဲ့လား မေရာ၊ ခူးခူးဆီက စာတွေ ခန့် ရနေတာပဲ။ သူ့အမေ တယောက်လုံး ဆုံးတဲ့ကိစ္စ ဘာတခုမှ ထည့်မပေးပါဘူး၊ မေကလည်း ဘယ်လိုတွေ ဖြစ်တယ်ဆိုတာ ခန့် နားလည်အောင် ပြောပါနော်။ အန်တီမိုး က ဘာရောဂါနဲ့ ဆုံးတာလဲ"

မေမေက ကျွန်တော့်ကို မကြည့်တော့ဘူး။ သီလရှင်ကျောင်းဆောင်ရဲ့ အရှေ့ဘက် ကုန်းမြေမြင့်လေးပေါ်က ထုံးစေတီဖြူဖြူလေးဆီ ငေးကြည့်ရင်း နှုတ်ခမ်းကို ဖိကိုက်ထားတယ်။ မေမေ့ရဲ့ ပြင်းထန်တဲ့ အသက်ရှူသံကို ကျွန်တော် ကြားနေရတယ်။

"မိုးက... မိုး... သတ်... သတ်သေသွားတာ...၊ သူ့ဘဝသူ ကိုယ်တိုင် အဆုံးသတ်ပစ်လိုက်တာ"

"ဗျာ"

ဘုရား ဘုရား...။ အမြဲပြုံးပျော်နေတဲ့ အန်တီမိုး... ၊ ဘယ်လောက် အထိ စိတ်သောကတွေ ရောက်ရလို့ သတ်သေရလောက်တဲ့အထိ ဖြစ်သွားခဲ့ရတာလဲ။ ခူးခူးကရော ဒီလောက်ဆိုးရွားလှတဲ့ ကိစ္စတခုကို ကျွန်တော့်ဆီ ရေးလာတဲ့ စာတွေထဲမှာ တစိုးတစိ ထည့်မရေးခဲ့ဘူးလေ...၊ သူ ဒီလောက် အထိ ဟန်ဆောင်ထားနိုင်ခဲ့သလား..။

"ဒါဖြင့် ခူးခူးကရော...၊ အန်တီမိုး မရှိတော့ သူဘယ်လိုနေနေလဲ"

"ခူးခူးအဖေ ဦးထွန်းပြေက ကုန်သည်ယောင်ယောင် ပွဲစားယောင်ယောင်နဲ့ ရှမ်းပြည်ဘက် တက်လိုက်၊ ရန်ကုန်ဘက် ဆင်းလိုက်နဲ့ နယ်တကာ လှည့်နေသူဖြစ်လို့ အိမ်မှာ ရှိခဲလှတယ် ဆိုတာ သိနေတဲ့အတွက် ကျွန်တော် မေးလိုက်မိတာပါ။ မြို့မှာက ခူးခူးတို့ ဆွေမျိုးသားချင်းတွေ ရှိတာ မဟုတ်။ ကျွန်တော့်


mgyoe.com

မေးခွန်းကို ကြားတော့ မေမေ့မျက်နှာ သွေးစုပ်ဖြူရော်သွားတယ်။ ပြောသင့် မပြောသင့် ချိန်ဆနေဟန် တူပေမယ့် ကျွန်တော့်ကို ဆက်ပြီး ဖုံးထားသင့်တဲ့ အချိန် မဟုတ်တော့ဘူး ဆိုတာကိုလည်း မေမေ လက်ခံပြီးသား ဖြစ်မှာပါ။

"ခူးခူး... ခူးခူး.. ပျောက်နေတယ်.... ခန့်။ မိုး ဆုံးပြီး နှစ်ပတ်လောက် အကြာကတည်းက ခူးခူး ပျောက်သွားတယ်။ မြို့ထဲက လူတွေလည်း ရှာကြ ဖွေကြ ဆိုပေမယ့် ခုထိ ဘယ်မှာမှ မတွေ့ဘူးတဲ့ ခန့်..."

"ဗျာ... ဗျာ...၊ မေ ဘာတွေ ပြောနေတာလဲ၊ မဟုတ်တာတွေဗျာ။ ခူးခူး လက်ရေးနဲ့ ကိုယ်တိုင်ရေးထားတဲ့ စာတွေက အဲဒီမြို့ စာတိုက်တံဆိပ်နဲ့ပဲ ခန့်ဆီ ရောက် ရောက်လာနေတာလေ မေရ။ တခုခုတော့ မှားနေပြီ။ မေ.. ဒါ နောက်ရမယ့်ဟာမျိုး မဟုတ်ဘူးနော်"

မေမေ့ပုံစံက စနောက်နေတဲ့ပုံစံ မဟုတ်မှန်း ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကြားရသမျှက လက်ခံနိုင်ဖို့ ခဲယဉ်းလွန်းနေတယ်လေ။

"ခန့်... အဲဒီစာတွေက ခူးခူး ပို့တာ မဟုတ်ဘူး"

"ဗျာ"

အိမ်ကို ပြန်လာတဲ့ လမ်းတလျှောက်မှာ ကျွန်တော့်အာရုံတွေက လွင့်ချင်ရာ လွင့်ပါးလို့ နေတယ်။ အသိစိတ်ကို ဘယ်လိုမှ စုစည်းလို့ မရခဲ့ဘူး။ အချိန်ပိုင်းလေးအတွင်း သိလိုက်ရတဲ့ အကြောင်းအရာတွေက မယုံနိုင်စရာ ကောင်းလွန်းနေခဲ့တယ်။

ကျွန်တော် ကျောင်းတက်နေဆဲကာလ စာမေးပွဲ မတိုင်ခင်ကာလ တွေမှာ သိခဲ့ရင် စိတ်ထိခိုက်ပြီး စာမေးပွဲကို တစုံတရာ အကျိုးသက်ရောက်မှု ရှိလာမှာကို စိုးရိမ်ခဲ့တဲ့ မေမေဟာ ခူးခူးတို့ မိသားစုရဲ့ မယုံနိုင်လောက်အောင် ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်တွေကို ပင်ပန်းနာကျင်စွာနဲ့ တချိန်လုံး ဖုံးကွယ်လျှို့ထားခဲ့ရမှန်း ကျွန်တော် ခုမှ သိရတော့တယ်။ ညီမလို ခင်မင်ရတဲ့ အန်တီမိုးရဲ့ ဈာပနကို မေမေ မသွားခဲ့ဘူး။ ရက်လည်တို့၊ တလပြည့်တို့ စတဲ့ နေ့တွေမှာလည်း အန်တီမိုးအတွက် ရည်စူးတဲ့ အလှူဒါနတွေကို ကျွန်တော်


mgyboe.com

mgyoe.com SAMPLE BOOK

မသိရအောင် တိုးတိုးတိတ်တိတ် ကြိတ်လုပ်ခဲ့ရတယ်။ ကျွန်တော့်အတွက် စဉ်းစားပြီး မေမေ လုပ်ခဲ့တာကို နားလည်လို့ မေမေ့ကိုလည်း ကျွန်တော် အပြစ်မတင်ရက်ဘူး။ ဒါပေမဲ့ စိတ်မကောင်းတော့ ဖြစ်မိတယ်။ ဒီအဖြစ်အပျက်တွေကို ကျွန်တော် စောစောစီးစီး သိခဲ့ရင်ကော။ ကျွန်တော်က ကိုယ့်ခြေထောက်ပေါ်ကို မရပ်နိုင်သေးတဲ့ လူငယ်တယောက်ပါ။ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် အကူအညီ ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်တော် ခူးခူးကို နှစ်သိမ့်အားပေးခွင့် ရဦးမှာလေ။ ခုတော့..။

လွန်ခဲ့တဲ့ ငါးလလုံးလုံး ကျွန်တော် ပို့ခဲ့တဲ့ စာတွေက ခူးခူးဆီကို မရောက်ခဲ့ဘူးတဲ့။ ကျွန်တော့်ဆီ ရောက်လာခဲ့တဲ့ စာတွေကလည်း ခူးခူးကိုယ်တိုင်ရေးထာတာ မှန်ပေမယ့် တကယ်တမ်းကျတော့ သူကိုယ်တိုင် ပို့ပေးခဲ့တာ မဟုတ်ပါဘူး။ မေမေရယ်၊ ခူးခူးရယ်၊ သူ့သူငယ်ချင်းဖြစ်တဲ့ ဆုဆုဝေရယ် သုံးယောက်ပေါင်းပြီး ကျွန်တော် မရိပ်မိအောင် စနစ်တကျ စီမံဖန်တီးထားခဲ့တဲ့ လှည့်ကွက်တွေပါ။ မေမေက ဖြစ်ကြောင်းကုန်စင်ကို သေချာရှင်းပြနေတယ်။ ကျွန်တော့်စိတ်က လေဟာနယ်မှာ မျောလွင့်နေတယ်။ ကြားတချက် မကြားတချက်...။

"မေ... ခန့် ခူးခူးတို့ မြို့ကို ခဏပြန်သွားချင်တယ်၊ သွားနိုင်အောင် စီစဉ်ပေးပါနော်"

မေမေက ခွင့်ပြုချင်ဟန် မတူဘူး။

"ဘာအတွက်လဲ ခန့်ရယ်။ ခန့်က အခုမှ သိလို့လေ၊ ဟိုမှာကတော့လည်း ငါးလတောင် ရှိပြီဆိုတော့ အကုန် နေသားတကျ ဖြစ်ကုန်ပြီပဲ။ ခူးခူးလည်း မရှိတော့ဘူး။ သူ့အဖေကိုယ်တိုင်ကို ပျော်ခါစလောက်ပဲ ထိတ်ထိတ်ပျာပျာ လိုက်ရှာလိုက်ပြီး အခုကျတော့လည်း အိမ်ထောင်အသစ်နဲ့ ရှမ်းပြည်ဘက်မှာ ပျော်နေပြီဆိုတော့ သူကိုယ်တိုင်ကိုက သမီးကို မေ့နေတာမို့ တခြားသူတွေလည်း အခုဆို မေ့မေ့ပျောက်ပျောက်ပေ့ါ။ ခန့်က ဘာလုပ်မယ် စိတ်ကူးလို့ သွားချင်တာလဲ"

"ခန့် အရင်ကတည်းက စိတ်ကူးရှိတယ် မေ။ စာမေးပွဲပြီးရင် ခူးခူးဆီ တခေါက်ပြန်မယ် ဆိုပြီး၊ အဲဒါကြောင့်..."


mgyoe.com

mgyoe.com SAMPLE BOOK

"ခူးခူးမှ မရှိတော့ဘဲနဲ့ ခန့်ရယ်"

"အဲလို မပြောပါနဲ့...၊ ခူးခူး မရှိတော့ဘူးလို့ မပြောပါနဲ့။ သူ တနေရာရာမှာ ရှိမှာပါ။ သူ့အကြောင်းကို တယောက်ယောက်တော့ သိနေမှာပါ။ မေမေတို့ လူကြီးတွေ မသိပေမယ့် ရင်းနှီးတဲ့ ရွယ်သူ သူငယ်ချင်းတယောက်ယောက်တော့ သူ့အကြောင်း သိနေနိုင်မှာပါ မေ...။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ၊ ဘာမှ မထူးခြားရင်တောင် ခန့် တခေါက်လောက် ပြန်ချင်တယ်... မေ ခွင့်ပြုပါ"

မေမေက ဘာပြောရမှန်း မသိ ဖြစ်နေပြီး ဖေဖေ့ဆီ အကူအညီတောင်းသလို ကြည့်တယ်။ ဖေဖေက ကျွန်တော်တို့ ညီအစ်ကိုတွေကို လွတ်လွတ်လပ်လပ် စဉ်းစား ကြီးပြင်းစေတတ်တဲ့ ဖခင်ပါ။ ခုလည်း ကျွန်တော် စိတ်အားထက်သန်နေတာကို တွေ့တော့ မတားပါဘူး။

"ကိုလေး... ခန့်နဲ့ လိုက်သွား"လို့ပဲ ပြောပါတယ်။ မေမေကတော့ သက်ပြင်းပဲ ချလို့ နေလေရဲ့၊ နောက်တနေ့ ညကားနဲ့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် ရန်ကုန်ကို သွား၊ ရန်ကုန်မှာ တညပဲ အိပ်ပြီး နောက်တနေ့ ညရထားနဲ့ ခရီးဆက်ခဲ့ကြပါတယ်။

လပေါင်း အတန်ကြာ ခွဲခွာခဲ့ရတဲ့ နေရာဟောင်းတခုကို ပြန်သွားနေရတဲ့ ခရီးမှာ အရာရာ အိပ်မက်ဆန်လှပါတယ်။ အဲဒီမြို့လေးဟာ အရင်က ကျွန်တော့်ရဲ့ အိမ်၊ ခူးခူးရဲ့ အိမ်၊ ကျွန်တော်နဲ့ ခူးခူးရဲ့ ငယ်ဘဝနေ့ရက်တွေ ဖြူစင်ပျော်ရွှင်ခြင်း များစွာနဲ့ ကုန်ဆုံးခဲ့ရတဲ့ အိမ်...။ အခု ကျွန်တော်က ညှော်သည် ဖြစ်နေပြီ၊ ခူးခူးလည်း မရှိတော့ဘူးတဲ့၊ ဒါ တကယ်လား...။ ကျွန်တော် စိတ်ကူးယဉ်ခဲ့တာက စာမေးပွဲပြီးရင် ဒီမြို့လေးဆီ ပြန်လာမယ်။ ခူးခူးနဲ့ ပြန်ဆုံကြမယ်။ ခုတော့ အဲဒီစိတ်ကူးတွေက လေထဲ လွင့်ပါ ပျောက်ပြယ်ကုန်ခဲ့ပါပြီ။ ငြိုးငွေ့ဖွယ်ရာ တအီအီ ခုတ်မောင်းနေတဲ့ ရထားခုတ်သံကြားမှာ ကျွန်တော့်အတွေးတွေက တောင်စဉ်ရေမရ လွင့်မြောနေခဲ့ပြီး မေမေ ပြောပြခဲ့တဲ့ ခူးခူးတို့ မိသားစုအကြောင်းကို ကြားယောင်နေမိတော့တယ်။

"မေမေနဲ့ မိုးက စာအဆက်အသွယ် အမြဲ ရှိတယ် ခန့်၊ နဂိုကတည်းက ကိုထွန်းပြေ ခြေလှမ်းတွေ ပျက်နေတာ မမေမေတို့ သိကြတယ်။ ကိုထွန်းပြေကလည်း ရောက်တဲ့နေရာမှာ ခပ်ရှုပ်ရှုပ်လေ။ မိန်းမ ပွေတယ်။ အရက်၊ ဖဲ၊


mgyoe.com

mgyoe.com SAMPLE BOOK

လောင်းကစား၊ မိန်းမ... တခုမှ ကင်းတယ် မရှိဘူး။ သူ ကုန်သည်ပွဲစား လုပ်ပြီး ငွေရှာတာက သူ့တကိုယ်ရည်နဲ့တင် ကုန်တာပါပဲ။ မိုးတို့ သားအမိက မိုး ငွေတိုးပေးတာလေးတွေနဲ့ ဟန်မပျက် နေနေကြတာ။ အရင်က မေမေတို့ လည်း ရှိတော့ မိုးအတွက် အားရှိစရာပေါ့။ မေမေတို့လည်း ပြောင်းတော့ သူ့ခမျာ အဖော်မဲ့ အားငယ်ပြီး ကျန်ခဲ့တယ်။ တခုခုဆို မေမေတို့ဆီ လှမ်းလှမ်း ရင်ဖွင့်ရှာတယ်။ ကိုထွန်းပြေက နောက်ပိုင်း ပိုဆိုးလာတယ်။ မူဆယ်ဘက်က တခုလပ် အမျိုးသမီးတယောက်နဲ့ ယူမယ်၊ ပြုမယ် ဆိုတာအထိ ဖြစ်လာ တယ်။ အိမ်လည်း ပုံမှန် ပြန်မလာဘူး။ လာပြန်ရင်လည်း မိုးနဲ့ ရန်ဖြစ်တာက ပိုများနေတော့တာတဲ့။ ခူးခူးလည်း စိတ်ညစ်မှာပေါ့။ ကလေးမက ဆယ်တန်း ဆိုပေမယ့် စာဘက် စိတ်မရောက်တော့ဘူး။ စိတ်လေလေနဲ့ ဂစ်တာတလက် နဲ့ပဲ အချိန်ဖြုန်းတော့တာလေ။ သားဆီလာတဲ့ ခူးခူးရဲ့ စာတစောင်ကို မှား ဖောက်မိလို့ ဆိုပြီး ဖွင့်ကြည့်ခဲ့တာ မှတ်မိလား။ အမှန်က မေမေ တမင် ဖွင့်ဖတ် ခဲ့တာ။ သားဆီကို ခူးခူး ဘာတွေ ရေးနေလဲ သိချင်လို့...။ သိချင်လို့ ဆိုတာက ဒီလိုလေ...။ အိမ်တွင်းရေး အဆင်မပြေတာတွေကိုများ သားဆီ အသိပေး နေမလား စိတ်ပူလို့။ သားတို့ သံယောဇဉ်ကြီးကြတာ မေ နားလည်တယ်။ မိုးတို့ သားအမိအတွက်လည်း မေမေ စိတ်မကောင်းဖြစ်ရတယ်။ တတ်နိုင် သလောက် မေမေ အကူအညီ ပေးချင်တယ်။ ဒါပေမဲ့ အဲဒီအပူတွေက သားဆီ ဟပ်လာပြီး ပညာရေးမှာ အနှောင့်အယှက် တခုခု ဖြစ်လာမှာ မေမေ မလိုလားဘူး။ အဲဒါနဲ့ မေမေ ခူးခူးဆီ စာရေးတယ်။ မိုးတို့ ခူးလေးတို့အတွက် မေမေ အသင့်ရှိပါတယ်ပေါ့နော်။ တခုပဲ... ခန့်ဆီကိုတော့ စိတ်မကောင်း ဖြစ်စရာ အကြောင်းလေးတွေ မရေးမိစေဖို့ မေမေ မေတ္တာရပ်ခံခဲ့တယ်။ ပထမတော့ ခူးခူးလည်း စိတ်ခုသွားတယ် ထင်ပါရဲ့။ သားဆီ စာရေးကျဲသွား သေးတယ် မဟုတ်လား။ နောက်မှ မေမေ့ကို နားလည်ပြီး စာပြန်ရေးတာ...။ အန်တီ စိတ်ချပါတဲ့၊ ခန့် အနှောင့်အယှက် ဖြစ်စေမယ့် အကြောင်းတွေ အသိ မပေးပါဘူး ဆိုပြီး မေမေ့ကို ခူးခူး ကတိပေးခဲ့တယ်။ ဒီအကြောင်းတွေ ခန့် ခုမှသိတာ ဆိုတော့ ခူးခူး ကတိတည်ခဲ့တာ သေချာပါတယ်လေ"

လူနေအိမ်ခြေနဲ့ ဝေးတဲ့နေရာ ဖြစ်နေတာကြောင့် ရထားက အရှိန် ပြင်းပြင်း ခုတ်မောင်းနေတယ်။ နာရီလက်တံတွေက သန်းခေါင်ကျော်ကြောင်း


mgyoe.com

ပြနေပြီ။ ယိမ်းထိုးနေတဲ့ ရထားကို ပုခက်လို သဘောထားတဲ့ ကိုကိုလေးက ဟောက်သံသဲ့သဲ့ပေးလို့ အိပ်မောကျနေခဲ့ပြီ။ ကျွန်တော်ကတော့ ဘယ်လိုမှ အိပ်မပျော်နိုင်သေး။ ခပ်ကွေးကွေး လခြမ်းငယ်ရဲ့ အလင်းဖျော့အောက်မှာ ရီဝေဝိုးတဝါး၊ တရိပ်ရိပ် လှမ်းမြင်နေရတဲ့ ရထားလမ်းဘေး ညရှုခင်းကို စိတ်မပါ လက်မပါ ငေးရင်း မေမေ ပြောပြခဲ့တဲ့ ခူးခူးအကြောင်းတွေကိုပဲ ဆက်တွေး နေမိတယ်။

ဖြစ်ချင်တော့ ကိုထွန်းပြေက မိုးမသိအောင် အိမ်နဲ့ခြံကို ပေါင်ပြီး လောင်းကစား လုပ်ထားတာတွေကလည်း ဝက်ဝက်ကွဲရှုံး၊ ကျေလည်အောင် လည်း မဆပ်နိုင်နဲ့ ဆိုတော့ အိမ်ကို ထိုးပေးလိုက်ရဖို့ ဖြစ်လာတယ်။ လင်ရယ်၊ မယားရယ် ဆိုပေမယ့်လည်း ကိုထွန်းပြေ မိဘတွေဘက်က အမွေဆိုတော့ မိုးလည်း ငိုရုံ၊ ရန်တွေ့ရုံက လွဲပြီး ဘာမှ မတတ်နိုင်ဘူး။ မေမေ့ဆီ ဝမ်းနည်း ပက်လက် ရင်လာဖွင့်ရုံပဲ တတ်နိုင်တယ်။ ဒီကြားထဲ မူဆယ်မှာ ကိုထွန်းပြေနဲ့ ငြိနေကြတယ် ဆိုတဲ့ အမျိုးသမီးက မြို့အထိ လိုက်ချလာ...၊ ကိုထွန်းဝေ တရားဝင် ယူထားတဲ့ မယားပြိုင်ပါ ဆိုပြီး သတင်းလွှင့်လေတော့ မြို့လေးက ကျဉ်းကျဉ်းလေး မဟုတ်လား။ နေ့မကူးခင်မှာကို တမြို့လုံးက သိကြပြီလေ။ မိုးဆို မငိုရတဲ့နေ့ မရှိဘူး။ ခူးခူး ဆိုတာလည်း ရှက်ရလွန်းလို့ ကျောင်းတောင် မမှန်ဘူး။ ကိုထွန်းပြေတို့ ရက်စက်ပြီး အကြင်နာတရား မရှိလိုက်ပုံက လိုက် လာတဲ့ အမျိုးသမီးကို အသိအမှတ်ပြုတဲ့ အနေနဲ့ ဆိုပြီး သူ့အပေါင်းအသင်း တသိုက်နဲ့ အိမ်တအိမ်မှာ စုပြီး ဧည့်ခံပွဲသဘောမျိုး လုပ်ရင်း မယားအငယ်ကို ပွဲထုတ်သတဲ့။ အဲဒီနေ့မှာပဲ မိုးက မြို့စွန်က တောရကျောင်းဘက် ထွက်သွား တာ မြင်တဲ့သူတွေ မြင်ကြတယ်။ စိတ်ပြေလက်ပျောက် ဘုရားကျောင်း ကန်နား သွားတာပဲ ဆိုပြီး ဘယ်သူမှ အထူးအဆန်း မတွေးမိဘူးလေ။ ဒါပေမဲ့ မိုးသွားတာ ဘုန်းကြီးကျောင်းကို မဟုတ်ဘူး။ ဘုန်းကြီးကျောင်း တောင်ဘက် က ကြာညိုအိုင် ရေကန်ကြီးဆီကို၊ ရေကန်ကြီးရဲ့ အောက်ခြေအထိကို..."

ပြန်တွေးမိတိုင်း နာကျင်နေမိတဲ့ အဖြစ်ပါ။

ခူးခူး ဘယ်လောက်ထိ အားငယ် ဝမ်းနည်းနေခဲ့ရမလဲ။ မိသားစုကို မငဲ့ကွက်တဲ့ အဖေနဲ့ အရှက်တရားကြောင့် သမီးမျက်နှာကိုတောင် မထောက် တော့ဘဲ လောကကြီးကို လက်ပြသွားခဲ့တဲ့ မိခင်။ အဖာရာဗရပ္ပနဲ့ အမိုးမလုံ



mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ကောင်းကင်အောက်က ခူခူး ဘဝလေးက ကြွက်စုတ်တကောင်ထက် ပိုပြီးနစ်မွန်းသိမ်ငယ်ဖို့ ကောင်းနေခဲ့မလား။ ဘာပဲပြောပြော ခူးခူးက ကတိ တည်ခဲ့တယ်။ ကျွန်တော့်ဆီ သီချင်းအကြောင်းတွေက လွဲလို့ စိတ်ညစ်စရာ စိုးစဉ်းမှ ထည့်မရေးခဲ့ဘူးလေ။

မေမေကတော့ ပထမ ခူးခူးကို ဘာပဲဖြစ်ဖြစ် လှမ်းခေါ် မွေးစားဖို့ စဉ်းစားခဲ့သေးတယ်တဲ့။ ဒါပေမဲ့ သင့်တော်၊ မတော် စဉ်းစားနေရတာနဲ့တင် မေမေ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား မချနိုင်ခဲ့ဘူး။ ခူးခူးကလည်း မေမေ ကမ်းလှမ်းတာကို လက်မခံခဲ့ဘူးလေ။ နာရေး ဖြစ်ကာစ ရက်တွေမှာတော့ အဖေ ဖြစ်သူနဲ့လည်း မျက်နှာချင်း မဆိုင်ချင်တာကြောင့် သူငယ်ချင်းဖြစ်သူ ဆုဆုဝေ အိမ်မှာ သွားနေခဲ့တယ်လို့ မေမေ ကျွန်တော့်ကို ပြောပြပါတယ်။

မေမေလည်း တော်တော်စိတ်ပင်ပန်းမှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ဖုံးဖိလက်စနဲ့ ကျွန်တော် ဘာတခုမှ မရိပ်မိအောင် မေမေ ဆက်ပြီး ဖုံးကွယ် စရာ ရှိတာတွေ ကြိုးစားဖုန်းကွယ်ခဲ့ရလို့ပါ။ ကျွန်တော့်ဆီ လာတဲ့ စာတွေကို စာတိုက်မှာပဲ ထားစေပြီး မေမေကိုယ်တိုင် သွားယူခဲ့တယ်။ စာတိုက်ဝန်ထမ်း အသိမိန်းကလေးတွေ ရှိနေတော့ စီမံရတာ အခက်အခဲတော့ မရှိခဲ့ဘူးလေ။ ခူးခူးရဲ့ ကတိကို မေမေ ယုံတာကြောင့် သူ့ရဲ့ စာကိုပဲ ကျွန်တော် တိုက်ရိုက် ဖတ်ခွင့် ရခဲ့တယ်။ ခူးခူးအကြောင်း လှမ်းအသိပေးကြတဲ့ သူငယ်ချင်းတချို့ရဲ့ စာတွေကို ကျွန်တော် မမြင်အောင် မေမေ သိမ်းခဲ့ပါတော့တယ်။ ဖုန်းခေါ်ပေး လေ့ ရှိတဲ့အိမ်က အန်တီကိုလည်း ကျွန်တော့်နာမည်နဲ့ ဖုန်းလာရင် သူ့ကိုသာ ခေါ်ပေးဖို့ မေမေက မှာထားခဲ့တာပါ။

မေမေ့ရဲ့ ကြိုးစားမှုတွေကြောင့် ကျွန်တော်က ခူးခူးတို့ရဲ့ အပူတွေကို လုံးဝမသိဘဲ စိတ်အေးချမ်းသာစွာနဲ့ စာကြိုးစားနေခဲ့တဲ့ အချိန်မှာ ခူးခူးက တော့ သောကတွေ တလှေကြီးနဲ့ ကျောင်းတက် မမှန်၊ စာကျက်မမှန် ဖြစ်နေ ခဲ့ရတာပါ။ အဲဒီအခြေအနေကို ကျွန်တော် ဘယ်လိုမှ လက်မခံချင်ပေမယ့် အဲဒါ အမှန်တရားပါပဲ။

အတွေး တလှည့်၊ အငေး တလှည့်နဲ့ လွင့်မိလွင့်ရာ လွင့်နေရာကနေ ကျွန်တော် ဘယ်အချိန် အိပ်ပျော်သွားမိမှန်း မသိပါဘူး။ ကျွန်တော့်လက်ကို တစုံတယောက်က ဆုပ်ကိုင် လှုပ်ခါရင်း လှုပ်နှိုးတော့မှပဲ နိုးလာပါတော့


mgyoe.com

mgyoe.com


တယ်။ ရထားကတော့ ခုတ်မောင်းနေဆဲပါ။

ကျိုန်းစပ်နေတဲ့ မျက်လုံးကို အားယူဖွင့်ကြည့်ရင်း ကျွန်တော့်ကို လာနှိုးတဲ့သူကို ကြည့်လိုက်တော့မှ ရင်တခုလုံး ပြောင်းဆန်သွားပါတော့တယ်။

"ဟာ... ခူးခူး... ခူးခူး... နင်... နင်"

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၈ ]

မျက်နှာ ဖူးဖူးဝိုင်းဝိုင်းလေးရယ်၊ ပျော့အိအိဆံပင် ဖြောင့်ဖြောင့်စင်းစင်းလေးတွေရယ်...။ ကျွန်တော့်ရဲ့ အော်သံကြောင့် လာနှိုးတဲ့ ကောင်မလေးက ရုတ်တရက်တော့ လန့်သွားဟန် တူပါရဲ့။ ပြီးမှ ကျွန်တော် ထယောင်ပြီး လူမှားခေါ်နေတာကို သိလို့ ရယ်ချင်သွားဟန် တူပါတယ်။

"ဘာတွေ ယောင်နေတာလဲ... နင်တို့ပဲ ရောက်ခါနီးရင် နှိုးပါဆိုလို့ လာနှိုးပေးတာလေ၊ ရောက်တော့မယ် ထ... ထ၊ အိပ်မက် မက်ကောင်း မနေနဲ့"

ကျွန်တော်တို့နဲ့ အလယ်လမ်းခြားတဲ့ တဖက်ခုံက ကောင်မလေးပါ။ ကျွန်တော်တို့ ဆင်းမယ့် ဘူတာကိုက မနက်လေးနာရီလောက် ရထားဝင်မှာဆိုတော့ ညီအစ်ကိုနှစ်ယောက်သား အိပ်ပျော်နေမှာ စိုးတာကြောင့် အနီးအနားခုံက လူတွေကို အဆင်ပြေရင် နှိုးပေးဖို့ အကူအညီ တောင်းထားခဲ့တာပါ။ ကယောင်ကတမ်းနဲ့ ထအော်လိုက်တဲ့ ကျွန်တော့်အသံကြောင့် ကိုကိုလေးကလည်း နိုးလာပြီး မျက်ငံမှာင်ကြုတ်ကြည့်ရင်း- "မင်းကတော့ကွာ" လို့ ခပ်တိုးတိုး ပြောပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဘူတာ ရောက်တော့ ဖေဖေ့မိတ်ဆွေ ဒေါက်တာ ဦးမျိုးသစ် လာကြို နေပြီး သူတို့အိမ်မှာပဲ တည်းစေခဲ့ပါတယ်။ ဒေါက်တာဦးမျိုးသစ်တို့ အိမ်က ကျွန်တော်တို့ အရင်နေခဲ့တဲ့ အိမ်နဲ့ဆို နှစ်လမ်းကျော်ပဲ ဝေးပါတယ်။ နေရာ ဟောင်းဆိုတော့လည်း ဝေဒနာတွေကို တနင့်တပိုး ခံစားစေနိုင်တဲ့ အစွမ်းသတ္တိ တွေကလည်း အပြည့်ပေါ့လေ။

မနက်မိုးလင်းလင်းချင်း ကျွန်တော် စက်ဘီးတစီးနဲ့ ဆုဆုဝေတို့ အိမ်ကို ပြေးတော့တာပါပဲ။ စာမေးပွဲပြီးကာစ ဆိုတော့ ဗိမ်ရစ်ပြီး တမေ့တမော အိပ်နေပုံရတဲ့ ဆုဆုဝေဟာ ကျွန်တော် သူ့အိမ် ရောက်သွားတဲ့ မနက် ကိုးနာရီ ထိုးခါနီးအထိ အိပ်ရာက မထသေးဘူးတဲ့လေ။ ဆုဆုဝေ အမေက ကျွန်တော့် ကို "သား ခဏထိုင်ဦးနော်၊ မိဆုကို နှိုးလိုက်ဦးမယ်" လို့ ပြောပြီး အခန်းထဲ ဝင်သွားတယ်။ ခဏနေတော့ ဆုဆုဝေ တယောက် ဆံပင်ဖရိုဖရဲနဲ့ တဝါးဝါး သမ်းရင်း ထွက်လာပါတယ်။ ကျွန်တော့်ကို တွေ့တော့ သူက "ဘယ်တုန်းက ရောက်တာလဲ" လို့ မေးရင်း ကျွန်တော် ဘာမှ မပြောရသေးခင်မှာကိုပဲ တအိအိနဲ့ ရှိုက်ငိုလိုက်ပါတော့တယ်။

"အာ... ဘာလဲဟ... နင်ကလဲ"

"မိခူးကို သတိရလို့ဟဲ့... နင့်မြင်တော့"

ကျွန်တော် သက်ပြင်းရှိုက်လိုက်ပြီး သူ့ကို တခုခု မေးမယ် ပြင်တုန်း သူက "ခဏနော်... ငါ မျက်နှာသစ်လိုက်ဦးမယ်။ နင် ကော်ဖီ သောက်ထား နှင့်။ ပြီးမှ လမ်းထိပ်က အမေချို့ဆိုင် မုန့်ဟင်းခါး သွားစားရအောင်။ နင် ခူးခူး အကြောင်းတွေနဲ့ ခူးခူးရဲ့စာတွေအကြောင်း သိချင်လို့ လာတာ မဟုတ်လား။ ငါ အေးအေးဆေးဆေး အကုန်ပြောပြပါ့မယ်" ဆိုပြီး အနောက်ခန်းထဲ ပြန်ဝင်သွားခဲ့တယ်။ အန်တီက ကော်ဖီ လာချပေးရင်း "ဆရာတို့၊ အစ်မတို့ နေကောင်းကြရဲ့လား သား" လို့ သတင်းမေးပါတယ်။ အန်တီနဲ့ အိမ်အကြောင်း ပြောနေရင်း ဆုဆုဝေက သနပ်ခါးအဖွေးသားနဲ့ ပြန်ထွက်လာတာကြောင့် သူနဲ့အတူ မုန့်ဟင်းခါးဆိုင်ကို ထွက်လာခဲ့ပါတယ်။ ဒီဆိုင်လေးကလည်း ခူးခူးနဲ့ စားနေကျ ဆိုင်လေးပါပဲ။ မန်ကျည်းပင် အုပ်အုပ်ဆိုင်းဆိုင်း အောက် မှာ စားပွဲဝိုင်းလေးတွေ လေး၊ ငါးဝိုင်း ချပြီး ရောင်းတဲ့ ဆိုင်လေးပါ။ စကား ပြောလို့ ကောင်းအောင် အစွန်ဆုံးစားပွဲမှာ နေရာယူလိုက်ကြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"တော်တော်များများတော့ မေမေ ပြောပြထားလို့ ငါ သိပြီးပါပြီ ဟာ။ အခု ခူခူး ဘယ်မှာ ရှိနေတယ် ဆိုတာ နင် တကယ် မသိဘူးလားဟင်"

ဆုဆုဝေက ခေါင်းကို အသာယမ်းပြပါတယ်။

"မသိဘူး လင်းခန့်။ ဒီလိုဟ... ငါ အသေးစိတ် ပြောပြပဲ့မယ်။ ခူးခူး တို့ အိမ်တွင်းရေး အကြောင်းကတော့ နင်လည်း သိပြီးသား နေမှာပေါ့နော်။ နင့်အမေ ပြောထားတယ် ဆိုလို့။ နင့်အမေနဲ့ ငါတို့နဲ့ တချိန်လုံး အဆက် အသွယ် ရှိနေပါတယ်။ အန်တီက ခူးခူးကို လိုအပ်တဲ့ အကူအညီတွေ အကုန် လုံး ပေးဖို့ အသင့်ရှိတဲ့သူပါ။ ခူးခူးကိုလည်း သူ ချစ်တယ်လေ။ တခုပဲ။ နင်က ခူးခူးအပေါ် သံယောဇဉ်ကြီးပြီး စိတ်ပူတတ်တာကို သိတော့ စိတ်မကောင်း ဖြစ်ပြီး နင် ကျောင်းစာတွေမှာ ထိခိုက်မှာစိုးလို့ နင့်ဆီ အသိမပေးဖို့ပဲ အန်တီ က တောင်းဆိုခဲ့တာ။ ခူးခူးလည်း သူ့မိဘတွေ ကိစ္စကြောင့် တော်တော် လေသွားတယ်။ အန်တီမိုး ဆုံးတော့ သူ့စိတ်ဓာတ်ရာက ပိုဆိုးသွားမှာပေါ့လေ။ အဖေကိုလည်း စိတ်နာ၊ အမေကိုလည်း ထားခဲ့ရက်လိုက်တာ ဆိုပြီး စိတ်နာ...။ သူ့အမေ အသုဘပြီးကတည်းက ငါ့အိမ်မှာ တပတ်ဆယ်ရက် လာနေခဲ့တာ ပဲ။ စာဖတ်ရလည်း စိတ်မပါတော့ဘူး ထင်တယ်။ ကျောင်းလည်း မမှန်ဘူး။ ဂစ်တာလေး တီးတီးပြီး ငေးငေးငိုင်ငိုင်နဲ့ပဲ တချိန်လုံး နေနေခဲ့တာ။ တရက် ကျတော့ သူက သူ့အဖေဆီ ခဏပြန်နေမယ်လို့ ပြောတယ်။ အဲဒီတုန်းက ဦးထွန်းပြေက ဒီမှာပဲ ရှိသေးတယ်လေ။ ငါလည်း အံ့သြပေမယ့် ကိုယ့်အဖေ ဆီ ကိုယ်ပြန်တာကျတော့ ဘယ်တားလို့ ရမလဲ... ဟုတ်ဘူးလား။ သူ စိတ်ထိန်း နိုင်သွားလို့ လို့ပဲ ငါတို့က ထင်တာ။ တကယ်တမ်းကျတော့ သူက သူ့အိမ် လည်း ပြန်မရောက်ဘူး။ ငါတို့ဆီလည်း ပြန်မလာဘူး။ ဆိုက်ကားသမား တယောက်ကတော့ ခူးခူးတယောက် စာတိုက်နားလေးမှာ ရပ်ထားတဲ့ ကားအဖြူလေး တစီးပေါ် တက်သွားတာ နောက်ဆုံး မြင်လိုက်ရတယ်လို့ ပြောတာပဲ။ ကားမောင်းတာက အမျိုးသမီးတယောက်ပဲတဲ့။ လူကြီးတွေ လည်း ရှာတော့ ရှာကြပါသေးတယ်။ ဒါပေမဲ့ အဖေ ကိုယ်တိုင်ကိုက ဘာသိ ဘာသာ ဆိုတော့လည်း အဖျား ရှူးသွားတာပေါ့ဟာ"

ကျွန်တော် ပန်းကန်ထဲက မုန့်ဟင်းခါးတွေကို တဇွန်း၊ နှစ်ဇွန်း လောက်ပဲ စားပြီး ဆက်စားလို့ မရတော့ဘူး။ ခူးခူး ဘယ်ရောက်နေတာလဲပဲ


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် သိချင်ပါတယ်။ ဒီအတိုင်းဆို ခူးခူးက သူ့သဘောနဲ့သူ ဒီမြို့ကနေ ထွက်သွားခဲ့တာပေါ့။ လင်းခန့်ရေ... ငါတော့ ဘယ်မှာ ရောက်နေတယ် ဆိုတာမျိုးလေးတော့ ကျွန်တော့်ဆီ အကြောင်းကြားပေးဖို့ မသင့်ဘူးလား။ ခူးခူး တကယ်ကို သံယောဇဉ် ပြတ်နိုင်သွားတာလား။

"နင့်အတွက်တော့ သူ အများကြီး တွေးပေးခဲ့ပါတယ်... လင်းခန့်မောင်ရယ်။ သူက ထွက်သွားဖို့ အစကတည်းက စိတ်ကူးထားပြီး ထင်ပါတယ်၊ ဘာလို့လဲဆိုတော့ နင့်ဆီကို သူ စာမရေးတော့ရင် ဖြစ်ဖြစ်၊ တခြားမြို့က ပို့ရင်ဖြစ်ဖြစ် နင် ရိပ်မိသွားမှာစိုးလို့ နင့်ဆီ နှစ်ပတ်ခြားပြီး တလ နှစ်စောင် ပို့ရအောင် ဆိုပြီး ဘောပင် မင်မတူအောင် သုံးလေးချောင်းလောက်နဲ့ စာ ၁၂ စောင် ကြိုရေးပြီး စာအိတ် တအိတ်ချင်းဆီနဲ့ ငါ့ဆီ အပ်ခဲ့တာ။ ဘယ်စာကို အရင်ပို့ရမယ် ဆိုတာကိုလည်း နံပါစဉ်လေးတွေ တပ်ပေးခဲ့တယ်။ အဲဒီစာတွေကိုက ငါတို့အိမ်မှာ သူ အိပ်ခဲ့တဲ့ ခုတင်ခေါင်းရင်းမှာ ထားခဲ့တာ။ သူ ထွက်သွားပြီးမှ ငါ တွေ့တာ။ ငါ့ကိုလည်း စာတစောင် ရေးပေးခဲ့တယ်။ နင့်ဆီ စာတွေ ပို့ပေးဖို့ရယ်၊ သူ့ကို စိတ်မပူဖို့ရယ်။ ဘယ်ကို သွားတယ် ဆိုတာတော့ မပြောခဲ့ဘူး။ ခုထိလည်း ဘာသတင်းမှ မရဘူး"

ဒီအကြောင်းတွေကို ကျွန်တော် ဒီကို မလာခင်ကတည်းက မေမေ ပြောပြလိုက်ပြီးသားပါ။ မေမေ့ကိုလည်း သူ အသိပေးခဲ့တယ်လေ။ ဒါကြောင့် ခူးခူးရဲ့စာလေးတွေက ယေဘုယျဆန်နေပြီး သီချင်းအကြောင်းတွေ၊ သာကြောင်း မာကြောင်းတွေပဲ ဖြစ်နေခဲ့တာကိုး။

မေမေကတော့ ခူးခူးဆီက စာလာရင် ပျော်နေတတ်တဲ့ ကျွန်တော့်ကို ကြည့်ရင်း စိတ်မကောင်း ဖြစ်ရလို့ မျက်နှာတွေ ပျက်နေခဲ့တာ ကျွန်တော် အခုမှပဲ သဘောပေါက်မိပါတော့တယ်။

မုန့်ဟင်းခါးဆိုင်က ပြန်လာတဲ့ လမ်းတလျှောက်လုံး ကျွန်တော် ငူငူငိုင်ငိုင်နဲ့ပါပဲ။ လမ်းမှာတွေ့တဲ့ သူငယ်ချင်း တယောက် နှစ်ယောက်လောက် ကိုလည်း ဝတ္တရားကျေပဲ နှုတ်ဆက်နိုင်ပါတယ်။ ဆုဆုဝေကို အိမ်ပြန် လိုက်ပို့ပြီး ပြန်မယ်အလုပ် သူက "လင်းခန့်... ခဏလေး" လို့ ပြောပြီး အိမ်ထဲ ပြေးဝင်သွားပါတယ်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ စာအိတ်ဖြူဖြူလေး တခု...။

"ရော့... ဒါ နင့်အတွက် ခူးခူးရဲ့ နောက်ဆုံးစာပဲ။ အခွေလေးတခု


mgyoe.com

mgyoe.com SAMPLE BOOK

လည်း ပါတယ် ထင်တယ်.... စာအိတ်ထဲမှာ"

ကျွန်တော့် ရင်ခုန်သံတွေ ရုတ်ခြည်း မြန်ဆန်သွားတယ်။ နောက်ဆုံးစာဆိုတဲ့ အသုံးအနှုန်းကို သိပ်သဘောမကျမိပေမယ့် စောဒက တက်မနေတော့ဘဲ အမြန် လှမ်းယူလိုက်ပါတယ်။ ဆုဆုဝေ ရှေ့မှာတော့ ကျွန်တော် ဖောက်မဖတ်မိဘူး။ ဘာတွေ ရေးထားမှန်း မသိတော့ ကျွန်တော် စိတ်မထိန်းနိုင်မှာ စိုးလို့...။

စက်ဘီးကို ခပ်သွက်သွက် နင်းလာခဲ့တယ်။ ပူလောင်လွန်းတဲ့ နေရှိန်ကိုလည်း ဂရုမစိုက်မိတော့ဘူး။ ကျွန်တော့် ဦးတည်ချက်က ကျွန်တော်တို့ရဲ့ အိမ်ဟောင်းလေးဆီ။ လမ်းထဲ ဝင်လိုက်တာနဲ့ နှလုံးသားက တဆတ်ဆတ် တုန်ခါလာတယ်။ ရင်ခုန်သံက ကျွမ်းကျင်တဲ့သူတဦး တီးခတ်နေတဲ့ ဂီတသံလို စည်းချက် မကျ။ ခြံရှေ့ရောက်တော့ လူတကိုယ်လုံး ချွေးတွေ ရွှဲနစ်မောဟိုက်နေခဲ့ပြီ။ အိမ်မှာ လူသစ်တွေ ရောက်နေပြီလေ။ မြို့နယ် ဥပဒေအရာရှိ တဦးရဲ့အမည် ဆိုင်းဘုတ် ချိတ်ဆွဲထားတယ်။ အိမ်ရှင်တွေကို အကျိုးအကြောင်းပြောပြ ခွင့်တောင်းပြီး အိမ်ကလေးကို အလွမ်းပြေ လာကြည့်တာပါလို့ ပြောတော့ လိုလိုလားလား ခွင့်ပြုပါတယ်။

နေရာဟောင်း၊ ခြေရာဟောင်းလေးတွေ...။

ကိုယ်နဲ့ တချိန်က သက်ဆိုင်ခဲ့တဲ့ ဘာမှ မဆိုင်တော့တဲ့ နေရာလေးတွေ...။ ခြံနှစ်ခုကြားက ဝါးတံခါးလေး တွန်းဖွင့်ဝင်ခဲ့ချိန်မှာတော့ ကျွန်တော့် ခြေလှမ်းတွေ ယိုင်လဲပြိုကျလုနေပြီ။ အဲဒီအိမ်မှာတော့ လူသစ်တွေ ရောက်မလာသေးဘဲ တံခါးတွေ ပိတ်ထားဆဲပါ။ အရင်က အန်တီမိုး အလှည်းအကျင်းကောင်းတာကြောင့် ပြောင်လက်သန့်ရှင်းခဲ့တဲ့ ခြံတွင်း မြေတလင်းဟာ အခုတော့ မန်ကျည်းရွက်ကြွေတွေ၊ သစ်ရွက်ခြောက်၊ မြက်ခြောက်တွေနဲ့ အကျည်းတန်လို့...။ ခြံရှေ့ပိုင်းက ရေမရတဲ့ ပန်းပင်တွေကလည်း နေပူရှိန်အောက်မှာ ခြောက်သယောင်း အကျည်းတန်လို့...။ ခူးခူးရဲ့ စာအိတ်လေးကို ကိုင်ထားတဲ့ ကျွန်တော့်ရဲ့ လက်တွေက တဆတ်ဆတ် တုန်ခါနေတယ်။ ခူးခူးရဲ့ အခန်းဘေး ပြတင်းနားလေးမှာ ကျွန်တော် ရပ်လိုက်တယ်။ အရင်ကတော့ ဒီတံခါးလေးကို ကျွန်တော် ခေါက်လိုက်ရင် အချိန်မရွေး ပွင့်လာနေကျ...။ ခုတော့ တံခါးက ပိတ်မြဲ ပိတ်ဆဲ။ သူ့ရဲ့ ရယ်သံ လွင်လွင်လေးတွေလည်း မရှိတော့ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်နံရံကို နောက်ပြန်ကျောမှီရင်း စာအိတ်ကလေးကို ဖွင့်ဖောက်လိုက်တယ်။ အရင်ဆုံး တိပ်ခွေလေးတခု၊ ပြီး... အဖြူရောင်စာခေါက်လေးတခု။ တိပ်ခွေလေးကို အိတ်ကပ်ထဲ အသာထည့်ပြီး စာကို ဖွင့်ဖတ်လိုက်တယ်...။ ပဲပင်ပေါက်လက်ရေး သော့သော့လေးတွေနဲ့ စာတိုတိုလေး...။

*လင်းခန့်မောင်ရေ...*

*ခုလောက်ဆို နင်လည်း ငါ့အဖြစ်အပျက်တွေ သိပြီးလောက်ရောပေါ့။ နင် စိတ်မကောင်း မဖြစ်ပါနဲ့။ ငါ့အတွက်လည်း စိတ်မပူနဲ့။ ငါ အဆင်ပြေမယ့် လမ်းတခုကို ရွေးပြီး ငါ ဆက်လျှောက်တော့ မလို့။ သေချာတာက အရင် ကလေးဘဝကလောက်တော့ ပျော်ဖို့ ကောင်းတော့မှာ မဟုတ်ဘူး။ ပြီးခဲ့တဲ့ အလွန်ပျော်စရာ ကောင်းခဲ့တဲ့ အတိတ်ကလေးကို အဲဒီအတိုင်းလေးပဲ ငါ့မှတ်ဉာဏ်ထဲမှာ သီးသန့် တကန့်သိမ်းထားချင်နေမိတယ်။ လာမယ့် ငါ ဆက်လျှောက်ရမယ့် ဘဝကြမ်းကြမ်းနဲ့ မရောချင်ဘူး။ အဲဒါကြောင့် အတိတ်လှလှလေးကို ဒီအတိုင်းလေး အဆုံးသတ်ပြီး သိမ်းထားလိုက်ချင်ပြီ၊ ထပ်ပြီး မပတ်သက်ချင်တော့ဘူး...။ အတိတ်ကလူတွေ၊ အရာတွေ အားလုံးနဲ့...။ အားလုံးဆိုမှတော့ နင်လည်း ပါသွားတာပေါ့... လင်းခန့်မောင်ရယ်။ စိတ်တော့ မဆိုးပါနဲ့၊ အားကိုးစရာ ချစ်ခင်စရာ တကွက်မှ မရှိတဲ့ အဖေကို ပိုင်ဆိုင်ခဲ့ရတာဆိုတော့ ငါ့ဘဝမှာ နင်က တဦးတည်းသော တန်ဖိုးအထားရဆုံး ယောကျ်ားတယောက် ဆိုတာကိုတော့ ယုံပါ။ နှုတ်ဆက်ပါတယ်။ အခွေထဲမှာက ငါ ဂစ်တာတီးပြီး အသံသွင်းထားတဲ့ နင် ကြိုက်တယ်ဆိုတဲ့ နာရီပေါ်က မျက်ရည်စက်များ သီချင်းလေးပါ...။ နှုတ်ဆက်ပါတယ် သူငယ်ချင်းရယ်...။*

**ချူးချူး...**

ဘုရား... ဘုရား...။ တကယ်ကို နှုတ်ဆက်သွားတာလား ချူးချူးရဲ့။ ငါ ဘာလုပ်ရမယ်မှန်း မသိတော့ပါဘူး။ နင် မေ့လိုက်ချင်တဲ့ အားလုံးထဲမှာ ငါပါ ပါသွားသတဲ့လား...။ ဟင့်အင်း... ငါကတော့ နင့်ကို မေ့မှာ မဟုတ်ဘူး။ နင်က ငါ့ဘဝရဲ့ တစိတ်တပိုင်း ဖြစ်နေပြီ မိချူးချူးရဲ့...။ ငါ ရှာမယ်...၊ ငါ နင့်ကို


mgyoe.com

SAMPLE BOOK


ပြန်တွေ့အောင် ရှာမယ်နော်။ နင့်အနာဂတ်ကို လှပအောင် ငါ လုပ်ပေးနိုင်မှာပါဟ... ငါ့ကို ယုံပါ။

အရူးတယောက်လို ခပ်တိုးတိုး ရေရွတ်ရင်း ကျွန်တော့်ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာတယ်။ သူ့ရဲ့ သီချင်းသံလေးကို စိတ်အာရုံမှာ ကြား ယောင်လာမိတယ်။

*"နှုတ်ဆက်လိုက်ဖို့ အားတင်းထားရင်း×××*
*ပါးပြင်ပေါ်မှာ မျက်ရည်တွေဟာ*
*အချိန်နာရီတွေပေါ်ကို ကျော်လွှန် ရေလိုဖြတ်ပြီး×××*
*စီးဆင်းနေဆဲ××× ချစ်သူရယ်..."*

ကျွန်တော့်ဘဝအတွက် ကျွန်တော့်ရဲ့ အသက်နဲ့ ထပ်တူတွယ်တာ ရတဲ့ နှစ်ကိုယ့်တစိတ် မိန်းကလေးတယောက် ကျွန်တော့်ဘဝထဲက ထွက်သွားခဲ့ပြန်ပြီ။ မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး မျက်ရည်စတွေ သိမ်းရင်း မျက်လုံးအစုံကို ခဏတဖြုတ် ခပ်တင်းတင်း မှိတ်ချလိုက်တဲ့အခါ အတိတ် မြင်ကွင်းတချို့က ဝေဝေဝါးဝါး တိုးဝင်လာပြန်တယ်။

ဒိုင်ယာရီ စာအုပ်ကြားထဲက ဂါဝန်အဖြူလေးနဲ့ ဆယ်နှစ်အရွယ် ကလေးမလေးရဲ့ ဓာတ်ပုံဟောင်းလေး...။ "ခန့်ရေ... ခန့်...၊ ကယ်ပါဦး" လို့ သွေးရူးသွေးတန်း အော်ဟစ်သံ။ အုတ်နီခဲ တလုံးနဲ့ အဆက်မပြတ် ထုနှက် ရိုက်နှက်ခံနေရတဲ့ နေရာက ဖြာထွက်လာတဲ့ သွေးတွေ...။ တဆတ်ဆတ် တုန်ခါနေတဲ့ လက်တွေ...။ ကျွန်တော် အသက်ရှူလို့ မရတော့ဘူး။ ခြေထောက် တွေ ယိုင်နဲ့ ညွတ်ကျသွားပြီး မြေပြင်ပေါ် အရုတ်ကြိုးပြတ် ထိုင်ချလိုက်မိ တယ်။

*"ကောင်ကလေး အူကြောင်ကြောင်×××*
*စာဂျပိုးလေး အူကြောင်ကြား×××*
*သူငယ်ချင်းလေး ဂေါက်တောက်တောက်×××*
*ကောင်ကလေး အူကြောင်ကြောင်×××"*


mgyoe.com

mgyoe.com

ကျွန်တော့်ကို ပြောင်နောက်နေကျ ခူးခူးရဲ့ ပြောင်စပ်စပ်မျက်နှာလေးက တလှည့်...၊ သွေးတွေ ရဲရဲနီနေတဲ့ ဖြူဖျော့ဖျော့ မျက်နှာလေးက တလှည့် ကျွန်တော့်အာရုံထဲကို လုယက် ဝင်ရောက်လာနေတော့တယ်။

*"ငိုရင် ပုလဲ... ရယ်ရင်ရွှဲ×××*
*အရာရာအားလုံး ပြည့်စုံတဲ့ ××× အချစ်နဲ့×××*
*အခြေအနေမဲ့××× ရွှေငွေမဲ့××× အရာရာအားလုး အရှုံးတွေနဲ့×××*
*တို့... နှစ်ယောက်ရဲ့ ဘဝ××× ဒါဟာ နောက်ဆုံးပဲ...*
*ချစ်အလေးရယ်××× ဒါဟာ နောက်ဆုံးပဲ..."*

မဟုတ်ဘူး... ဒါ နောက်ဆုံး မဟုတ်ပါဘူး။ ငါ နင့်ကို မတွေ့တွေ့အောင် ပြန်ရှာမှာပါ ခူးခူး။ လောကကြီးထဲက အပြီးတိုင် ထွက်သွားပြီဖြစ်တဲ့ ကလေးမလေးကိုတော့ ငါ ဘယ်လိုမှ ပြန်ရှာမရနိုင်တော့ပေမယ့် ဒီလောက တနေရာမှာ ရှိနေမယ့် နင့်ကိုတော့ ငါ မရရအောင် ပြန်ရှာမယ်။ ငါ နင့်ကို ငါ့အသက်နဲ့ ထပ်တူ ချစ်တယ် ခူးခူး...။ ငါ့အချစ်ကို တိုင်တည်ပြီး ငါ သစ္စာဆိုတယ်။ နင်နဲ့ငါ တနေ့ ပြန်ဆုံမယ်...၊ နင် စောင့်နေနော်...။

တကိုယ်တည်း အားတင်းရေရွတ်ရင်း မျက်ရည်တွေကို လက်ခုံနဲ့ ခပ်ကြမ်းကြမ်း သုတ်ဖယ်ပစ်လိုက်မိပါတော့တယ်...။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၉ )

'အချိန်ဆိုတာ အကောင်းဆုံး သမားတော်' တဲ့...။

တချို့သူတွေ အတွက်တော့ ဟုတ်ချင်ဟုတ်လိမ့်မယ်။ ကျွန်တော့် အတွက်တော့ သူက အကောင်းဆုံး သမားတော် မဟုတ်ခဲ့ဘူးလေ။ ဝေဒနာ တွေ လုံးဝ ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်းမှ မရှိတာပဲ။ သက်သာတယ် ဆိုရုံလောက်သာ ကုစားပေးနိုင်စွမ်း ရှိတာပါ။ ချူးချူးကို မတွေ့တွေ့အောင် ရှာမယ်ဆိုပေမယ့် ဆယ့်ခြောက်နှစ် ပြည့်ကာစ လူငယ်လေးတယောက် အတွက် အဲဒီကိစ္စက လက်တွေ့ အကောင်အထည် ဖော်နိုင်ဖို့ရာ ခဲယဉ်းတဲ့ အရာတခု ဖြစ်နေခဲ့ပါတယ်။

ချူးချူး ကိုယ်တိုင်ကလည်း ခြေရာပျောက် ကောင်းလွန်းတာကိုး...။ သူ့ကို ခေါ်သွားခဲ့တယ် ဆိုတဲ့ အမျိုးသမီးကရော... ဘယ်သူလဲ၊ ဘယ်ကလဲ။ ဖေဖေတို့၊ မေမေတို့ ကိုယ်တိုင်ကလည်း တတ်နိုင်သမျှ သတင်းအစအနတွေ မေးမြန်း စုဆောင်းနေကြပေမယ့်လည်း ချူးချူးကို ပြန်ရှာတွေ့ဖို့က ခက်ခဲနေ ဆဲပါ...။

ဆယ်တန်းကို ကျွန်တော် ရည်မှန်းထားတဲ့အတိုင်း ဘာသာစုံ



mgyoe.com

mgyoe.com

ဂုဏ်ထူးနဲ့ အောင်ခဲ့တယ်။ အောင်စာရင်း ထွက်တဲ့နေ့က ဝမ်းနည်းရမလား၊ ဝမ်းသာရမလား မသိဘူး။ အပြည့်အဝ မပျော်နိုင်တာတော့ အမှန်ပါပဲ။ ကျွန်တော် စိတ်အနှောင့်အယှက် မဖြစ်ရအောင် ခူးခူးရော၊ မေမေရော သူတို့ နည်း၊ သူတို့ဟန်နဲ့ ကြိုးစားပေးခဲ့လို့ အခုလို ရလဒ် ထွက်လာတာ။ တကယ်လို့ သာ ခူးခူး အနေနဲ့ သူ ခံစားရသမျှ ဒုက္ခဝေဒနာတွေကို ကျွန်တော့်ဆီ အမှန် အတိုင်း ဖွင့်ဟပြောပြခွင့် ရခဲ့မယ်ဆိုရင်...။

အစကတည်းက ဆရာဝန်လုပ်ဖို့ ဝါသနာမပါခဲ့တဲ့သူ ဆိုတော့ အမှတ် ဘယ်လောက်ပဲရရ မြန်မာစာ ဖြစ်ဖြစ်၊ ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီ) ဖြစ်ဖြစ် လျှောက်ဖို့ စိတ်ကူးခဲ့တာကို ဆရာတွေ သိတော့ ဆဲပါတယ်။ ဖေဖေ တို့ကတော့ အရင်ကတည်းက ဝါသနာပါတာကို ရွေးချယ်၊ ပျော်ပျော်နေ၊ ဘေးကနေ ကူပြီး ပံ့ပိုးပေးမယ် ဆိုတဲ့ မိဘမျိုးဆိုတော့ ကျွန်တော့် ဆုံးဖြတ် ချက်ကို ကောင်းတယ်၊ ဆိုးတယ် ဘာမှ မဝေဖန်ပါဘူး။ သေချာစဉ်းစားလို့ပဲ ပြောပါတယ်။

"အောင်မလေး... မောင်လင်းခန့် မင်း ရူးများနေသလား။ ဆယ်တန်း တနှစ်လုံး ကိုယ် ကြိုးစားခဲ့တဲ့ အချိန်တွေလည်း ထောက်ပါဦး။ ပန်းချီ ဆိုတာက အပြင်မှာ သင်တန်းတက် လေ့လာဆည်းပူးလည်း ရတယ်။ စာရေး စာဖတ် ဝါသနာပါလို့ မြန်မာစာ ဝါသနာပါတယ် ဆိုရင်ရော စာအုပ်တွေ ဖတ်ပြီး လေ့လာရင် မရဘူးလား။ ဝါသနာပါတာ ရွေးချယ်တာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ တခါတလေမှာ လုပ်ချင်တာ ဆိုတဲ့ ဘက်ကိုရော၊ လုပ်သင့်တာ ဆိုတဲ့ ဘက်ကိုရော နှစ်ဖက် မျှတွေးကြည့်ပါ။ လုပ်သင့်တယ် ဆိုတဲ့ဘက်ကို ဦးစား ပေးရတဲ့ အခိုက်အတန့်တွေလည်း ရှိလာမှာပဲ... နားလည်လား"

ကျွန်တော့်ရဲ့ စာကျက်လမ်းညွှန် ဂိုက်ဒ်ဆရာ ဦးအောင်တင့်က အတင်းတိုက်တွန်းတော့မှ ကျွန်တော် နည်းနည်းတွေဝေသွားခဲ့ပါတယ်။ နောက်ဆုံးတော့လည်း ဖေဖေ့လိုပဲ သွားဆရာဝန်တစ်ယောက်ဘဝကို ရွေးချယ် လိုက်ဖို့ ဆုံးဖြတ်ခဲ့ပါတော့တယ်။ အနည်းဆုံးတော့ ဖေဖေ့ဆေးခန်းမှာ ကူနေ မြင်နေကျ ဖြစ်တာကြောင့် ဒီ သက်မွေးဝမ်းကြောင်းဘဝကို ကျွန်တော် လုပ်နိုင်မယ်လို့ ထင်လိုက်တာလည်း ပါတာပေါ့။

အဲဒီလိုနဲ့ပဲ ၂၀၀၁ ခုနှစ်ရဲ့ ဒီဇင်ဘာမှာ ရန်ကုန် သွားဘက်ဆိုင်ရာ


mgyoe.com

ဆေးတက္ကသိုလ်ကို ကျွန်တော် တက်ခွင့်ရခဲ့တယ်။ ကျောင်းသားဘဝက တော့ လွတ်လွတ်လပ်လပ် ပျော်ရွှင်လိုက်၊ စာတွေနဲ့ နပန်းလုံးရင်း စိတ်ညစ် လိုက်၊ စာမေးပွဲတွေကို သွေးရူးသွေးတန်း ဖြတ်သန်းလိုက်နဲ့ ကုန်ဆုံးခဲ့ရတာ ပါပဲ။ ပထမနှစ်ကနေ စတုတ္ထနှစ်အထိကတော့ ဘာတခုမှ ထူးထူးခြားခြား အဖြစ်အပျက်တွေ မရှိခဲ့ပါဘူး။ ကိုကိုကြီးတယောက် သူနဲ့ အတန်းတူ ဆရာဝန် အစ်မတယောက်နဲ့ အိမ်ထောင်ကျသွားခဲ့တာ တခုပဲ ကျွန်တော်တို့ မိသားစုအတွက် ထူးခြားတဲ့ အဖြစ်အပျက် တခုပေါ့။ ကိုကိုလေးကတော့ သထုံမှာပဲ ပြန်ပြီး ကွန်ပျူတာမိတ္တူ စာစီစာရိုက်ဆိုင်လေး တဆိုင် ဖွင့်ရင်း သူ့အလုပ်နဲ့သူ ပျော်နေပါတော့တယ်။

ကျွန်တော် သွားဘက်ဆိုင်ရာ ဆေးကျောင်းသားဘဝမှာ အခင်ရဆုံး သူငယ်ချင်း နှစ်ယောက် ရှိခဲ့ပါတယ်။ တယောက်က ကျွန်တော့်ရဲ့ အဆောင် အခန်းဖော် သက်ထက်အောင် ဖြစ်ပြီး နောက်တယောက်ကတော့ မွှေးဆိုတဲ့ မိန်းကလေးပါ။ သူက မိန်းကလေး ဆိုပေမယ့် ဟိတ်ဟန် သိပ်မများဘဲ ယောကျာ်း လေးလိုမျိုး ပွင့်လင်းဖော်ရွေသူ ဆိုတော့ ကျွန်တော်နဲ့ရော သက်ထက်အောင် နဲ့ပါ ပေါင်းရသင်းရ အဆင်ပြေတဲ့ မိန်းကလေးပါ။ ကျွန်တော်နဲ့ ခူးခူးအကြောင်း ကို သူတို့နှစ်ယောက်ကိုပဲ ကျွန်တော် ပြောပြထားဖြစ်ပါတယ်။ ဓာတ်ပုံဟောင်း လေးထဲက မိန်းကလေးအကြောင်းကိုတော့ သူတို့နှစ်ယောက်လုံး မသိခဲ့ကြ သလို ဘယ်သူ့ကိုမှလည်း ကျွန်တော် မပြောဖြစ်ခဲ့သေးပါဘူး။

ခူးခူးနဲ့ ပတ်သက်ပြီးတော့လည်း အဲဒီအချိန်ထိ ဘာတခုမှ သတင်း အစအန မရခဲ့ပါဘူး။

၂၀၀၅ ခုနှစ်ရဲ့ ဇူလိုင်လ နေ့တနေ့မှာတော့ ကျွန်တော့်အတွက် ထူးခြားတဲ့ အဖြစ်အပျက်တခု စပြီး ဖြစ်ပျက်ခဲ့ပါတယ်။

စတုတ္ထနှစ် ရောက်တော့ ကန်တော်လေးမှာနေတဲ့ မေမေ့အစ်ကို တဝမ်းကွဲ ဆုံးသွားပြီး အသက်အရွယ် ရနေပြီဖြစ်တဲ့ မေမေ့အဒေါ် (ကျွန်တော့် အဘွား) ရယ်၊ သူ့သမီး (ကျွန်တော့်အဒေါ် တဝမ်းကွဲ) ရယ်၊ အိမ်အကူ



mgyoe.com

ကောင်မလေး တယောက်ရယ် အမျိုးသမီးချည်းပဲ သုံးယောက်သား ကျန်ခဲ့တာကြောင့် ကျွန်တော့်ကို ဖေဖေတို့က ကန်တော်လေးအိမ်မှာ ခဏတဖြုတ်သွားနေစေခဲ့တယ်။ သက်ထက်အောင်ကို လိုက်နေမလားလို့ မေးတော့ သူက ပခုံးတွန့်ပြတယ်။

"မနေပါရစေနဲ့ ငခန့်ရာ။ အဘွားကြီးတွေ၊ အပျိုကြီးတွေနဲ့ နေရမှာကြောက်ပါတယ်။ ငါက အိမ်မှာ အမေအရင်းနဲ့တောင် တည့်တာမှ မဟုတ်တာ၊ ကိုယ်ဖြစ် ကိုယ်ခံ ငခန့်ရေ...၊ ငါတော့ ဆွဲမထည့်နဲ့ ဟား... ဟား...." လို့ ပြောပြီး ဘယ်လိုမှ အဖော်စပ်မရတာကြောင့် ကန်တော်လေးအိမ်ကို ကျွန်တော် တယောက်တည်း ယောင်ချာချာနဲ့ ပြောင်းလာခဲ့ရပါတော့တယ်။

အဲဒီအိမ်မှာ နေခဲ့ရတာ ကျန်တာ အဆင်ပြေပေမယ့် ကျောင်းသွားကျောင်းပြန် ဘတ်စ်ကားစီးရတာက တဒုက္ခပါ။ နယ်မှာ အနေများခဲ့သူဆိုတော့ ရန်ကုန်ဘတ်စ်ကားတွေက ကျွန်တော့်အတွက် ငရဲထက်ကို ကြောက်ဖို့ ကောင်းလှပါတယ်။ ဘာပဲပြောပြော ဒီအိမ်ကို ပြောင်းနေဖြစ်ခဲ့တဲ့အတွက် ကျွန်တော့်ဘဝအတွက် အမှတ်ရစရာ အဖြစ်အပျက်တခု ဖြစ်လာခဲ့ပါတော့တယ်။

ပုံမှန်အားဖြင့် ကျွန်တော် ကျောင်းသွားရင် ၃၉ အဝါကားကိုပဲ စီးသွားလေ့ ရှိပါတယ်။ ကျောင်းရှေ့မှာ ဂိတ်ဆုံးတဲ့ကား ဖြစ်တာကိုး။ ကျွန်တော်တို့ လမ်းထိပ်က ကားဂိတ်မှာ ကားစောင့်စီးတဲ့ သွားဆေး ကျောင်းသားကျောင်းသူ နောက်ထပ်နှစ်ယောက် ရှိတာကို ကျွန်တော် သတိထားမိတယ်။ ဒုတိယနှစ်က ညီလေးတယောက်နဲ့ ညီမလေးတယောက်။ မျက်မှန်းတန်းမိနေပေမယ့် တခါတလေ ပြုံးပြဖြစ်တာလောက်က လွဲပြီး သိပ်တရင်းတနှီး မရှိပါဘူး။ ကောင်မလေးကို စတွေ့တဲ့နေ့ကတော့ နည်းနည်း ရယ်ချင်သွားမိတယ်။ သူနဲ့ ကျွန်တော်က ကျောပိုးအိတ်ပုံစံတူ ဖြစ်နေတာကိုး။ မီးခိုးရောင်ကျောပိုးအိတ်ကလေး။ ကျွန်တော်က ကျောပိုးအိတ်မှာ ဒေါ်လာသင်္ကေတ ဖန်စီကီးချိန်းလေး တပ်ထားပြီး သူကတော့ ပန်းနုရောင် ပန်းပွား ကီးချိန်းလေး တပ်ထားတာပါ။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေတာကြောင့် တယောက်နဲ့ တယောက် ရယ်ချင်မိသလို ဖြစ်သွားခဲ့ပြီး ပြုံးပြဖြစ်ခဲ့တာကိုတော့ အမှတ်ရနေမိပါတယ်။ အဲဒီကောင်မလေးက အသားညိုညို မျက်လုံးဝိုင်းဝိုင်းလေး။


mgyoe.com

mgyoe.com SAMPLE BOOK

ဆံပင်ကတော့ ခပ်တိုတိုလေးကိုမှ လှိုင်းလေးတွေ နည်းနည်းရှိတဲ့ အညို ရောင်ဆံပင်ပါ။ သွားတက်ကလေးနဲ့ ရယ်လိုက်ရင်တော့ ချစ်ဖို့ကောင်းတဲ့ ကောင်မလေးပါ။ သတိထားမိရုံက လွဲပြီး သူ့နာမည်လည်း ကျွန်တော် မသိဘူး။ စကားလည်း မပြောဖြစ်ခဲ့ဘူး။ ဆွဲဆောင်မှု ရှိတယ်လို့ ခံစားရပြီး သူ့ကို မြင်ရင် တခြားမိန်းကလေးတွေကို မြင်ရသလိုမျိုး မဟုတ်ဘဲ နည်းနည်း စိတ်လှုပ်ရှားမိတာကိုတော့ ဝန်ခံပါတယ်။

သူတို့နှစ်ယောက်က ကျောင်းဖယ်ရီ စောင့်စီးပါတယ်။ ကျွန်တော်ကတော့ သွားချင်တဲ့အချိန် သွားတတ်တဲ့သူ ဆိုတော့ ၃၉ ကားကိုပဲ စောင့်စီးဖြစ်ပါတယ်။ တခါတလေ ၃၉ ကား နောက်ကျပြီး ဖယ်ရီ အရင်ရောက်လာမှသာ ဖယ်ရီ တက်စီးဖြစ်တာ။ ကျောင်းသားဆိုတာ သိနေပြီး တစ်ခါတလေ ကြုံမှ စီးဖြစ်တာ သိနေတော့ ဖယ်ရီခတော့ ပေးစရာ မလိုဘူးပေါ့လေ။

တရက်ကျတော့ ကျွန်တော် အိမ်ကနေ စောစော ထွက်လာဖြစ်ခဲ့တယ်။ ကျွန်တော်တို့ လမ်းက အဖြောင့်ဆိုတော့ လမ်းလျှောက် လာနေရင်းကနေ ကားဂိတ်ဆီ လှမ်းမြင်နေရပါတယ်။ ကျွန်တော် ကားဂိတ်ဆီ ရောက်ဖို့ တော်တော်လေး လိုသေးပေမယ့် ဖယ်ရီက ကားဂိတ်ဆီ ထိုးဆိုက်လာတာ တွေ့လိုက်တယ်။ ပုံမှန်စီးနေကျ နှစ်ယောက်တက်ပြီးရင် ထွက်သွားတော့မှာလေ။ ကျွန်တော် ခပ်သွက်သွက် ပြေးသွားရင်တောင် နည်းနည်းလှမ်းနေတော့ စောင့်မယ်ပုံ မပေါ်ပါဘူး။ အဲဒါကြောင့် သိပ်မလောတော့ဘဲ ခပ်ဖြည်းဖြည်း အေးအေးဆေးဆေးပဲ လျှောက်လာဖြစ်ပါတော့တယ်။ ဒါပေမဲ့ ဖယ်ရီက ထွက်မသွားဘဲ ဖယ်ရီပေါ်မှာ ရှိနေတဲ့ သူတွေရဲ့ အကြည့်တွေက ကျွန်တော့် ဘက်ဆီ တပြိုင်တည်း ရောက်လာတာကြောင့် "ဘာလဲဟ" ဆိုပြီး နည်းနည်း ကြောင်သွားပါတယ်။ ဖယ်ရီ ကျွန်တော့်ကို စောင့်နေမှန်းသိတော့မှ အားနာသွားပြီး ခပ်သွက်သွက် ပြေးလာလိုက်ရတယ်လေ။ ကားနားရောက်တော့ တော်တော်မောနေပြီ။ ကားအပေါက်ဝမှာ ရပ်နေတဲ့ စပယ်ယာလေးက "စောင့်နေ ပါတယ်ဆိုမှ... ဆရာက ဖိမ်နဲ့ လျှောက်လာနေတာကိုး ဟား... ဟား..." လို့ နောက်ပါတယ်။

"ဆောရီးဗျာ... ကျွန်တော်က ပုံမှန်စီးတာ မဟုတ်တော့ စောင့်နေမယ် မထင်လို့ပါ" လို့ ပြောပြီး ကားအနောက်ခြမ်းက ခုံလွတ်တခုဆီ


mgyoe.com

လျှောက်လာခဲ့ပါတယ်။ ကားပေါ်က ဆရာမတွေ၊ ကျောင်းသားတွေကိုလည်း အားနာပြီး ပြုံးပြခဲ့ရပါသေးရဲ့။

ကျွန်တော် ထိုင်လိုက်တဲ့ ခုံကပ်ရက်မှာ ထိုင်နေတဲ့ ခပ်ဝဝနဲ့ house surgeon အစ်ကိုတယောက်က ကျွန်တော့်ကို ပြုံးပြီး ကြည့်နေခဲ့တယ်။ ကားထွက်လာတော့မှ သူက ကျွန်တော့်ကို လက်တို့ပြီး "ဟိုတယောက်က ညီလေးရဲ့ ပစ္စည်းလေးလား၊ ဆိုးတော့ မဆိုးဘူးနော်၊ ချစ်စရာလေး" လို့ ခပ်တိုးတိုး ပြောပါတယ်။

"ခင်ဗျာ... ဘယ်တယောက်လဲ အစ်ကို"

"အင်္ကျီအဝါလေးနဲ့ တယောက်လေ၊ ညီလေး တက်လာတဲ့ မှတ်တိုင်ကပဲ စီးစီးနေတဲ့ တယောက်ပေါ့။ လွယ်အိတ်တွေတောင် ဆင်တူလွယ်ထားကြပြီး ဟား... ဟား..."

"အာ... မဟုတ်ပါဘူး အစ်ကိုကလည်း။ ကျွန်တော် သူ့ကို မြင်ဖူး တွေ့ဖူးနေရုံပဲ၊ စကားတောင် မပြောဖူးဘူး"

အဲ့အစ်ကိုက ဟက်ဟက်ပက်ပက် ရယ်ပါတယ်။

"သိပါဘူးကွာ၊ ခုနက ကားက သူ့ဘာသာသူ ထွက်လာတော့ ကောင်မလေးက ထအော်လို့လေ၊ နေပါဦးရှင့်... တယောက် ကျန်နေသေးလို့ ခဏစောင့်ပါဦး ဆိုပြီး သူ စောင့်ခိုင်းလို့ မင်းကို ရပ်စောင့်နေတာ။ ဒရိုင်ဘာ သဘောကောင်းလွန်းလို့ ထင်မနေနဲ့... ကိုယ့်လူ"

"ဩော်..." လို့ ကျွန်တော် ခပ်တိုးတိုး ရေရွတ်လိုက်မိပါတော့တယ်။ ရှေ့ခုံတန်း လေးခုံကျော်လောက်မှာ ထိုင်နေတဲ့ ကောင်မလေးကတော့ ခပ်တည်တည်ပဲ။ ဘာမှ မထူးခြားပါဘူး။ ကျောင်းသား ကျောင်းသူ အချင်းချင်း ကူညီလိုက်တာပါ။ ကျွန်တော် အလုပ်သင်အစ်ကိုကို ပြုံးပဲပြုံးပြလိုက်ပြီး ပြတင်းပေါက်ဘက်ကိုပဲ ငေးကြည့်နေလိုက်ပါတယ်။ ကားပေါ်မှာ ယုဇနရဲ့ မြစ်ဆိုတဲ့ သီချင်းလေး ဖွင့်ထားလေရဲ့။

*"လူ မသိအောင်××× တမင်တကာ ဟန်လုပ်ကာ×××*
*ရယ်မောသလို ဟန်ဆောင်နေရတာ×××*
*ဒို့.... အချစ်က ငါ့ကို ပူလောင်စေတဲ့ အရာ×××*

ဖလပ်နီတာပေ

mgyoe.com

mgyoe.com SAMPLE BOOK

*ရင်ထဲမှာ နာကျင်နေရတာ××× မင်းကို မြင်စေချင်လိုက်တာ×××*
*အို... အသက်မဲ့ အထီးကျန် အဖော်မဲ့လမ်းမှာ××× "*

ကျောင်းကို ရောက်တော့ နည်းနည်း စောနေတောကြောင့် ကျောင်းကင်တင်းဘက်ကို ထွက်လာခဲ့ပါတယ်။ သက်ထက်အောင်နဲ့ မွှေးတို့ ရောက်နေပါပြီ။ ထုံးစအတိုင်း ဖတ်လက်စ စာအုပ်တအုပ်ကို ရှေ့ချပြီး အငြင်းအခုံ လုပ်နေကြတာပါ။ ကျောင်းစာတော့ မဟုတ်ဘူးလေ၊ ဆရာမြသန်းတင့်ရဲ့ လေလွင့်သူ ဆိုတဲ့ စာအုပ်။ ကျွန်တော် သူတို့စားပွဲနား ရောက်သွားတော့ မွှေးက မျက်မှောင်တွန့်ပြီး "ဟဲ့... ကောင်စုတ်ကြီး၊ ကျားသားမိုးကြိုး... စောလှချည်လား" လို့ ပြောပါတယ်။

"အေး... ငါ ဖယ်ရီ မီလာလို့၊ ဗိုက်ဆာလိုက်တာ၊ ငါ ဘာမှ မစားခဲ့ရသေးဘူးဟ။ အိမ်မှာ မီးပျက်နေလို့ ရေနွေးတည် မရတာနဲ့ ကော်ဖီတောင် မသောက်လာခဲ့ရဘူး"

ကျွန်တော်က ပြောပြောဆိုဆိုနဲ့ သက်ထက်အောင် စားလက်စ ထမင်းဆီဆမ်း ပန်းကန်ထဲက သုံးဇွန်းလောက် ခပ်စားလိုက်တော့ နှစ်ယောက်စလုံးက မဲ့ကာရွဲ့ကာနဲ့ "ဖြစ်ပျက်လာလိုက်တာ၊ မသိတဲ့သူ တွေ့ရင် မိဘတွေက အငတ်ထားတဲ့ အတိုင်းပဲ" လို့ ပြောကြပါတယ်။

စားပွဲထိုးကောင်မလေးကို ထပ်မှာနေတုန်း လွယ်အိတ်ဆင်တူ ကောင်မလေးနဲ့ သူငယ်ချင်းတသိုက် ကင်တင်းထဲ ဝင်လာတာကို တွေ့လိုက်ရတော့ သူ့ကို ပြုံးပြပြီး ကျေးဇူးတင်ကြောင်း အသိအမှတ် ပြုပြမလို့ စိတ်ကူးလိုက်ပေမယ့် သူက ကျွန်တော့်ဘက်ကို လှည့်မကြည့်ခဲ့တာကြောင့် မပြုံးပြဖြစ်တော့ဘူး။ အဲဒီနေ့က သုံးယောက်သား လက်ချာ တက်ရမှာ အပျင်းထူပြီး ကင်တင်းမှာပဲ ဆက်ထိုင်နေဖို့ သဘောတူဖြစ်သွားတာကြောင့် ကင်တင်းထဲ လူရှင်းသွားချိန်မှာ ကျွန်တော်တို့ သုံးယောက် စားပွဲဝိုင်းရယ်၊ ခုနက ကောင်မလေးတို့ ဝိုင်းရယ် နှစ်ဝိုင်းပဲ ကျန်ပါတော့တယ်။ သူတို့လည်း ပထမ လက်ချာချိန် လစ်ကြတယ် ထင်ပါရဲ့။

ရုတ်တရက် စိတ်ကူးတခု ပေါ်လာတာကြောင့် ကျွန်တော်က ဆိုင်အနောက်ဖက်ထဲ ဝင်သွားပြီး "ဦးကျော် ရှင်းမလို့" လို့ သွားပြောပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK
"ဟ… လာမှာပေ့ါ၊ ဘာလို့ အလောတကြီးဖြစ်တာလဲ… ကိုလင်းခန့်" လို့ မေးတော့ ကျွန်တော်က ရယ်လိုက်ရင်း ကျွန်တော်တို့ ဝိုင်းကို တွက်တဲ့အခါ ဟိုဘက်ဝိုင်းက အင်္ကျီအဝါနဲ့ ကောင်မလေး စားတာကိုပါ ထည့်တွက်ပေးနော်။ ကျွန်တော် ရှင်းမလို့"

"အမ်… တယောက်တည်း အတွက်လား၊ ကောင်းပါ့မလား… ကိုယ့်ဆရာရယ်"

"ရတယ်.. သိစေချင်လို့၊ ကျွန်တော် ပြောတဲ့အတိုင်းသာ လုပ်နော်"

"ဟုတ်ပါပြီ…ပြီးတာပါပဲ"

ကျွန်တော်တို့ ဝိုင်းကို ရှင်းတော့ ကျသင့်တာထက် တထောင်ကျော်လောက် ပိုကျနေတာကြောင့် မွေးက နည်းနည်း မသင်္ကာ ဖြစ်သွားပြီး "အယ်… မဟုတ်သေးဘူးလေ၊ ဒီမယ်… ပြန်တွက်ကြည့်ပါဦး" ဆိုရင်း ရစ်နေတဲ့အတွက် ဦးကျော်က ကြောင်တက်တက် ဖြစ်သွားပြီး ကျွန်တော့်ဆီ လှမ်းကြည့်ပါတယ်။

"မွေးကတော့ ရစ်ပြီ၊ သူ ရှင်းတာလည်း မဟုတ်ဘဲနဲ့" လို့ စိတ်ထဲက မကျေမနပ် ရေရွတ်ရင်း သူတို့ မရိပ်မိခင် "မဟုတ်ဘူး… ငါ ဟိုတနေ့က အကြွေးစားထားတာ ရှိလို့ ခုမှ ရှင်းမလို့" ဆိုပြီး ပြောလိုက်ရပါတယ်။

"ဟောတော်… ခုနကလည်း သူများပန်းကန်ထဲက နှိုက်စားနေတယ်။ ခုလည်း အကြွေးဆပ်မလို့တဲ့။ နင် အဲသလောက်တောင် ဘဝပျက်နေပြီနော်… သနားလိုက်တာအေ"

"ဘာဖြစ်ဖြစ်… ဘာဖြစ်ဖြစ်…"

နေ့လယ် ထမင်းစာချိန် ရောက်တော့ ဦးကျော် ကင်တင်းဆီမှာပဲ ထိုင်နေကျ ဖြစ်တာကြောင့် ပြန်လာဖြစ်ခဲ့တယ်။ သုံးယောက်သားက ထမင်းချိုင့်ယူဖို့ ဝါသနာမပါဘဲ ကြုံတဲ့နေရာမှာ ကြုံသလို စားကြတဲ့သူတွေပါ။ ထမင်းမှာထားတုန်း ဦးကျော်က အလစ်မှာ ကျွန်တော့်အနား ကပ်လာပြီး-

"စိတ်မကောင်းဘူး ကိုယ့်လူ၊ ကောင်မလေးက ရှင်းပေးတာကို လက်မခံဘူး၊ ဘယ်သူ ရှင်းပေးတာလဲလို့ မေးတော့ လင်းခန့်လို့တော့ ပြောလိုက်တယ်။ သူက သိတယ်တဲ့။ ဒါပေမဲ့ လက်မခံဘူးတဲ့ ဆိုပြီး ပိုက်ဆံ ပြန်ပေးသွားတယ်"


mgyoe.com

mgyoe.com SAMPLE BOOK

ဦးကျော် ပြန်ပေးတဲ့ တထောင်တန်လေးကို ကြည့်ရင်း ရက်စိတ်ကြောင့် ကျွန်တော့်တကိုယ်လုံး ထူပူလာပါတယ်။ 'ငါကိုက စပ်ဆော့တာကိုး... ခံဟ' လို့ ပြောရင်း မျက်နှာ သုန်မှုန်နေမိတော့တယ်။

"ဘာဖြစ်တာလဲကွ မင်းမျက်နှာက... မှုန်ကုပ်ကုပ်နဲ့..."

"ဘာမှ မဟုတ်ပါဘူး သေက်ရာ၊ ဒီလိုပါပဲ"

"မေးမနေနဲ့၊ အဲဒီကောင် ကြွေးပူတွေလားမှ မသိတာ။ ဟဲ့... ပြောထားတယ်၊ ငါတို့လက်ထဲမှာလည်း ဖင်ကပ်လောက် ကျန်တာနော်၊ ပိုက်ဆံမချေးနိုင်ဘူး သိလား"

မွှေးက ပြောင်စပ်စပ်နဲ့ ပြောနေတာကြောင့် မျက်စောင်း လှမ်းထိုးလိုက်ရသေးတယ်။ နေ့လယ်ခင်း စာသင်ချိန်မှာတော့ ကျွန်တော့်စိတ်တွေ မကြည်တော့ဘူး။ ဆရာ့ကို ခွင့်တောင်းပြီး သန့်စင်ခန်းဘက် ခဏထွက်လာတော့ တိုက်တိုက်ဆိုင်ဆိုင် အမျိုးသမီးသန့်စင်ခန်းဘက်ထဲက အဲဒီကောင်မလေး ထွက်လာတာကို တွေ့လိုက်ရတယ်။ လူရှင်းနေတဲ့ နေရာမှာ မျက်နှာချင်းဆိုင် တွေ့တဲ့အချိန်ဆိုတော့ ကျွန်တော်လည်း ရုတ်တရက် စိတ်ပေါက်ပေါက်နဲ့ သူ့ရှေ့သွားရပ်လိုက်တယ်။ သူက ရုတ်တရက်တော့ ကြောင်သွားတဲ့ပုံနဲ့ ကြည့်ပါတယ်။

"ဒီမှာ ညီမ၊ အစ်ကို မင်းနာမည်ကို မသိလို့ ဆောရီး။ မနက်က မင်းမုန့်စားတာကို ရှင်းပေးတယ်ဆိုတာ တခြား ဘာရည်ရွယ်ချက်မှ ရှိလို့ မဟုတ်ဘူး။ တလွဲ မထင်နဲ့။ အစ်ကိုက အဲဒီလို လိုက်ကြောင်တတ်တဲ့သူ မဟုတ်ဘူးသိလား။ မင်း... မနက်က ဖယ်ရီကားကို စောင့်ခိုင်းထားပေးတယ် ပြောလို့ ကျေးဇူးတင်တဲ့အနေနဲ့ ရှင်းပေးတာ၊ အထင်မလွဲနဲ့"

ကျွန်တော့်လေသံက နည်းနည်းမာနေခဲ့တယ်။ ကောင်မလေးက ထင်မထားဘဲ ကြားလိုက်ရတာ ဆိုတော့ "အဲ...သမီးက..." ဆိုပြီး ဘာဆက်ပြောရမှန်း မသိ ဖြစ်နေချိန်မှာ ကျွန်တော် လှည့်ထွက်လာခဲ့တော့တယ်။ တစ်ခါမှ မကြုံဖူးတော့ ရက်မိသွားတာပါ။ အတန်းထဲလည်း ပြန်မဝင်ချင်တော့တာကြောင့် ကင်တင်းဘက် ပြန်လှည့်လာခဲ့တယ်။ ကော်ဖီလေး သောက်လိုက်ရင်တော့ နည်းနည်း စိတ်ငြိမ်သွားမယ် ထင်ပါရဲ့။ ကျွန်တော် ကင်တင်းထဲ ဝင်လာတော့ ဦးကျော်က ပြုံးစေ့စေ့နဲ့-


mgyoe.com

mgyoe.com SAMPLE BOOK

"ဘာလဲ... သိလာခဲ့လို့ ပြန်လာယူတာလား ဟား...ဟား..." လို့ ပြောတယ်။ ကျွန်တော် နားမလည်ဘူး၊ သူ ဘာပြောမှန်း...။

"ဘာလဲဗျ... ဦးကျော်ရ"

"မင်းကို စချင်လို့ပါကွာ။ ကဲ..ကဲ.. ရော့... မနက်က ဟိုကောင်မလေး ငါ့နားကပ်ပြီး ပေးသွားတာ ရှိသေးတယ်။ ငါ တမင်စချင်လို့ မင်းကို နက်ဖြန်မှ ပေးမလို့၊ အခု တစ်ခါတည်း ယူသွားတော့"

*"အစ်ကို...*

*မုန့်စားထားတာ ရှင်းပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်နော်။ ဒါပေမဲ့ သမီးသူငယ်ချင်းတွေ ရှေ့မှာဆိုတော့ သူတို့တွေ စပ်စုမှာ စိုးတဲ့အတွက် လက်မခံရဲဘူးရှင့်။ ပိုက်ဆံ ပြန်ပေးလိုက်တာ စိတ်မဆိုးနဲ့နော်။ သမီးရဲ့ ဖုန်းနံပါက (xxxxxxxx) ပါ။ အစ်ကို အားရင် သမီးဆီ ဖုန်းဆက်လေ၊ ကင်တင်းမှာ စားတာလောက်ကို မရှင်းနဲ့ ဟဲ...ဟဲ...။ ကျေးဇူးတင်တယ်ဆို အပြင်မှာ တခုခု လိုက်ကျွေးပေါ့...။*

*ဆုလဲ့မင်းဟန်*

ခပ်သော့သော့ ရေးထားတဲ့ လက်ရေးလေးတွေကို ကြည့်ရင်း ခုလေးတင် မဆင်မခြင် သူကို သွားရန်တွေ့မိထားတဲ့ အဖြစ်ကို သတိရပြီး သေချင်စိတ် ပေါက်သွားပါတော့တယ်။ စိတ်တိုတိုနဲ့ ကင်တင်းအဝင်ဝက သစ်သားတိုင်ကို နဖူးနဲ့ တချက်ဆောင့်ပစ်လိုက်တော့ ဦးကျော်က "ဟ... ဘာလဲဟ" လို့ အလန့်တကြား ထအော်ပြန်လေရဲ့။ သူ့ကို ဘာမှ ပြန်မပြောဖြစ်တော့ဘူး။ နှုတ်ခမ်းကနေ မကျေမနပ်နဲ့ တဖွဖွ ရွတ်နေမိတော့တယ်။

"သေ... သေ... လင်းခန့်မောင်ရေ... မင်း သေသာ သေပစ်လိုက်တော့ဟ"

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၁၀ ]

ဖုန်းနံပါတ် ရေးထားတဲ့ စာလေးကို အင်္ကျီအိတ်ကပ်ထဲ အသာ ထည့်ပြီး အတန်းဘက်ကို ပြန်လာခဲ့မိပါတော့တယ်။ ညနေဘက်ကျတော့ ကျွန်တော်တို့ သုံးယောက်သား ဒဂုံစင်တာမှာ ကော်ဖီ သွားသောက်ကြ တယ်။ ဆုလဲ့အကြောင်း ပြောသင့် မပြောသင့် ကျွန်တော် စဉ်းစားနေမိတုန်း ဆိုပေမယ့် ကျွန်တော် မှုမမှန်တာကို မွေးတို့နှစ်ယောက်က ရိပ်မိနေပါပြီ ။

"ဟဲ့ကောင်... နင် ဘာဖြစ်နေလဲ၊ တနေကုန် ငေးတိငိုင်တိုင်နဲ့"

"အေးလေ.. ညနေကလည်း အတန်းအပြင်ကို တယောက်တည်း လစ်ထွက်သွားသေးတယ် မဟုတ်လား။ ဟေ့ကောင် ခန့်... တို့သုံးယောက် ကြားမှာ လျှို့ဝှက်ချက်ဆိုတာ ရှိရမယ့်အရာ မဟုတ်ဘူးနော်။ ပြော... ဘာဖြစ် နေတာလဲ မင်း..."

သက်ထက်အောင်က ကျွန်တော့်ပခုံးကို အတင်းဖက်ပြီး မေးမှ ကျွန်တော်လည်း စာရွက်ခေါက်ကလေးကို ကော်ဖီစားပွဲပေါ် ချပေးလိုက်ပါ တယ်။ လက်မြန်တဲ့ သက်ထက်အောင်က ဆတ်ခနဲ ဆွဲယူလိုက်တော့ မွေးက လက်တဘက် လှမ်းနေရင်း အိုးတိုးအတ ဖြစ်သွားလေရဲ့။



mgyoe.com

mgyoe.com

"သေက်… ကောင်စုတ်။ မိန်းကလေးကို ဦးစားပေးမှပေါ့ဟဲ့..။ ပေး… ငါ အရင်ဖတ်မယ်"

"ဒါကျမှ မိန်းကလေးတဲ့လား၊ တစ်ချိန်လုံး တန်းတူညီမျှ အခွင့်အရေး ဆိုပြီး အော် အော်နေပြီးတော့။ ခွဲခြားမှု မရှိရဘူးဆိုရင် အခွင့်အရေးတို့၊ ညှာတာမှုတို့ကိုလည်း မလိုချင်နဲ့"

"ပါးစပ်က တန်ရာတန်ရာ ပြောစမ်း မိသက်မရဲ့"

မွှေးနဲ့ သက်ထက်အောင်က အလုမှာ ပိုက်ဆံကြတာကို အလုအယက် ဝင်ကောက်ကြတဲ့ အိမ်ခြေယာမဲ့လေးတွေအတိုင်း ကျွန်တော့်စာလေးကို လုနေတော့ ကျွန်တော်က မျက်စိနောက်လာပြီး…

"ယား… စာကို အတူတူ ဖတ်တော့ မင်းတို့နှစ်ယောက်ကို မြွေကိုက်မှာမို့လို့လားကွ"

ထအော်လိုက်မှ တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းတွေ ထိုးပြီး စာကို ခေါင်းချင်းဆိုင် ဖတ်ကြပါတော့တယ်။

"ဟယ်… မုန့်ကျွေးတာတွေကော၊ ဖုန်းနံ့ပါတ်တွေကော… ဘာတွေလဲ… ဒါက"

"ဟီး… ဟီး… ငါ့ကောင် ခေန့်၊ စာအသွားအလာအရတော့ မရိုက်ခင်က ခေါင်းနှင့်ပြီ ဆိုတာလိုမျိုးပဲဟော့…"

သက်ထက်အောင် စကားကြောင့် မွှေးက သူ့ကျောကို တအုန်းအုန်းနဲ့ ထုလေရဲ့။

"နင့်ပါးစပ်က စည်းကို မရှိဘူးနော် သက်ထက်အောင်။ မိန်းကလေးတွေကို အဲသလိုမျိုး ပြောတာကြီး ငါ မကြိုက်ပါဘူး" လို့ ဆောင့်ကြီး အောင့်ကြီး ပြောလိုက်မှ သက်ထက်အောင်လည်း ရယ်ကျဲကျဲလေးနဲ့ "ငါက ခေန့်အတွက် ဝမ်းသာလို့ပါ" လို့ ပြောရှာတယ်။

"နင်ကောင်က ဝမ်းသာနေတဲ့ ရုပ်လား ကြည့်လိုက်ဦး။ မသိရင် ရည်းစားဦး မင်္ဂလာဆောင်မှာ သတို့သားအရံ လာလုပ်ပေးရတဲ့ ရုပ်မျိုးနဲ့၊ ဟဲ့… အသေးစိတ်ပြောပြ… ငါတို့ကို"

"အေးပါ… ငါ ပြောပြမလို့ပဲ"

ကျွန်တော်က ကျောင်းကား စောင့်စီးရင်း ကားဂိတ်မှာ တွေ့တွေ့ဖြစ်


mgyoe.com

mgyoe.com

နေတဲ့ အကြောင်းရော၊ ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေပါ အကုန်ပြောပြလိုက်ပါတယ်။ သက်ထက်အောင်က ကျွန်တော့်ပခုံးကို ခပ်ဖွဖွ ထိုးပြီး-

"မင်း ဘော်ဒါကန့် မပြည့်ဘူးနော်... ဟော့ကောင်။ ဒီလိုကိစ္စမျိုး လုပ်ရှားတယ်ဆိုတာ တယောက်တည်း လုပ်ရတဲ့ အလုပ်လား၊ ငါတို့ကို တိုင်ပင်ရမယ့် ကိစ္စကို..."

"နင့်မလဲ စွာချက်ဆိုတာအေ...၊ ချက်ချင်းကြီးကို အိမ်သာရှေ့သွားပြီး ရန်တွေ့ကောင်းလိုက်တယ်ပေါ့လေ၊ မိန်းကလေးတယောက်ကို သွားပြီး တော့..."

"အေးလေ... ဟိုကောင်မလေးခမျာ ရှူးရှူးတောင် စိတ်ဖြောင့် လက်ဖြောင့် ပေါက်လိုက်ရရဲ့လား မသိ... ခွိ... ခွိ..."

သက်ထက်အောင်က သူ့ထုံးစံအတိုင်း ရှေ့မကြည့် နောက်မကြည့် ဝင်နောက်တော့ မွှေးက သူ့ကို သကြားအိတ်ကလေးနဲ့ လှမ်းပေါက်လိုက်တယ်။

"နင့်ပါးစပ်က အယုတ်မတမာတွေချည်းပဲ"

ကျွန်တော်က ခုံကို သုံးလေးချက်လောက် ပုတ်လိုက်ရင်း...

"တော်ကြပါတော့ဟာ၊ စိတ်ညစ်ရတဲ့ ကြားထဲ...။ ငါလည်း ဆုလဲ့ကို အရမ်းအားနာတယ်ကွာ။ ဘယ်လို သွားတောင်းပန်ရမှန်းလည်း မသိဘူး။ သူလည်း စိတ်တော့ ဆိုးသွားမယ် ထင်တယ်၊ ငါ ဘာဆက်လုပ်ရမလဲ ဟင်"

"သေလိုက်တာ အကောင်းဆုံးပဲ... တကတည်း"

မွှေးက အဲသလို အားပေးပါတယ်။

သူ့စာထဲကအတိုင်း ဆိုရင်တော့ မင်းအတွက်က အခြေအနေ ကောင်းတယ်။ မင်း ဆက်လှုပ်ရှားချင်ရင် အဆင်ပြေမယ့် ပုံပဲ။ ဒါပေမဲ့ မင်းက ဘာမသိ ညာမသိ သွားရန်တွေ့ပစ်လိုက်တာ ဆိုတော့... အဲဒါ မပြောတတ်ဘူး။ ကောင်းတာက သူ့ဆီ ဖုန်းဆက်ကြည့်...၊ အခြေအနေကြည့်ပြီး တောင်းပန်။ သူ့ဘက်က ကြည်ကြည်ဖြူဖြူပဲ ဆိုရင်တော့ မင်း ရှေ့ဆက်ရုံပဲလေ"

"ရှေ့ဆက်ရမယ်... ဟုတ်လား"

"အေးလေ... မင်း သူ့ကို စိတ်မဝင်စားဘူးလား၊ နည်းနည်းပါးပါး တော့ မင်း စိတ်ထဲ ရှိနေမှာပါ... အမှန်အတိုင်းပြော..."


mgyoe.com

mgyoe.com

သက်ထက်အောင် အမေးကို အမှန်အတိုင်း ဖြေချင်ပေမယ့် ကျွန်တော် ကိုယ်တိုင်ကကို ဝေခွဲမရ ဖြစ်နေမိခဲ့တယ်။ ဆုလဲ့ကို စိတ်မဝင်စားဘူးလို့ မပြောနိုင်သလို စိတ်ဝင်စားပါတယ်လို့လည်း သေချာပေါက် မပြောနိုင်ဘူး။ တခြားသူတွေထက် စာရင်တော့ သူ့ကို သတိထားဖြစ်နေမိတယ်။ နောက်ပြီး ဒီနေ့ ကြုံခဲ့တဲ့ အဖြစ်တွေကြောင့် သူနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ တမျိုးလေး တော့ ခံစားနေရတာ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော့်အသိစိတ်ကို အမြဲတမ်း စိုးမိုးနေတာက ခူးခူး...။

မွေးကတော့ တွေးတွေးဆဆ အကြံပေးတယ်။

"မသေချာရင် တောင်းပန်ရုံနဲ့ တော်လိုက်တော့။ နင့်စိတ်ထဲမှာ တခြားတယောက် ရှိနေတယ် ဆိုတာ ငါတို့ သိနေတာပဲ။ မသေချာဘဲနဲ့တော့ မိန်းကလေး တယောက်ကို အပျော် သွားမကြံပါနဲ့။ တခြားကောင်တွေ ဘယ်လိုရှိရှိ နင်က အဲလိုပုံစံ မဟုတ်ဘူးလေ၊ စဉ်းစားဦးပေါ့"

"ခူးခူးကို ပြောနေတာလား မွေး" လို့ သက်ထက်အောင်က မေး တော့ မွေးက ခေါင်းညိတ်ပြတယ်။ စကားဝိုင်းက သုံးယောက်ပြောနေတာနဲ့ မတူဘူး။ ကျွန်တော်က ကိုယ့်အတွေးနဲ့ ကိုယ် ငြိမ်နေပြီး သူတို့နှစ်ယောက်ပဲ အချီချ ဆွေးနွေးနေခဲ့ကြတာ။

ကျွန်တော့်သူငယ်ချင်းတွေက အဲသလို ချစ်ဖို့ ကောင်းတယ်။

"နင် စဉ်းစားကြည့်...။ ခန့် ခူးခူးကို ချစ်နေတာကို ငါ ဘာမှ မပြော ဘူး။ ဖြစ်နိုင်ချေ ရှိ မရှိ ဆိုတာကတော့ ထည့်တွက်ရမယ်လေ၊ ဟုတ်တယ် မဟုတ်လား။ စွဲလမ်းတာက တပိုင်းပေါ့။ ဒါပေမဲ့ တဖက်မှာလည်း ကိုယ် သဘောကျနိုင်မယ့်သူ တွေ့လာရင်တော့ ရှေ့ဆက်သင့်ရင် ဆက်ရမှာပဲ။ ပြန်တွေ့မတွေ့မသေချာတဲ့သူကို စွဲလမ်းပြီး သေတဲ့အထိ တယောက်တည်း နေသွားမှာလား။ ငါပြောတာ မင်းတို့ ကြိုက်ချင်မှ ကြိုက်လိမ့်မယ်... ဒါပေမဲ့ ငါ့စိတ်ထဲ ရှိတာက အဲဒီအတိုင်းပဲ"

သက်ထက်အောင်ရဲ့ စကားကို ကျွန်တော်တို့ နှစ်ယောက်လုံး မှား တယ်၊ မှန်တယ် မပြောဖြစ်ဘဲ ခဏ ငြိမ်နေမိပြီးမှ မွေးက "နေပါဦး... ဆုလဲ့ ဆိုတဲ့ ကောင်မလေးကို သူ သဘောကျနေလိမ့်လို့ နင် ဘာကို ကြည့်ပြီး ပြောနိုင်တာလဲ... သေက်" လို့ မေးတယ်။


mgyoe.com

SAMPLE BOOK


"ဟ... ရှင်းရှင်းလေးပဲလေ၊ ငါတို့ ပေါင်းလာတာ လေးနှစ်နီးပါး...။ ဒီအတောအတွင်း သူ့ ခူးခူးအကြောင်းက လွဲပြီး ဘယ်ကောင်မလေးအကြောင်းကို ဒီကောင် အရေးတယူ ပြောဖူးလဲ။ အခုတယောက်နဲ့ ပတ်သက်ပြီး တော့ပဲ ကြားရတာ မဟုတ်လား။ ဒီကောင့်စိတ်ကို ငါ သိပါတယ်ဟာ"

ကျွန်တော်တို့ စကားဝိုင်းလေး ခဏ တိတ်ဆိတ်သွားတယ်။ ကျွန်တော် စာရွက်ကလေးကို ဖြန့်လိုက် ခေါက်လိုက် အကြိမ်ကြိမ် လုပ်နေမိရင်းနဲ့မှ...

"အေးပါ... ဘာပဲပြောပြော ငါ တောင်းပန်သင့်တာကတော့ အမှန်ပဲ မဟုတ်လား။ အဲဒီတော့ ဖုန်းဆက်ပြီး တောင်းပန်လိုက်ပါ့မယ်။ ကျန်တာကတော့ အခြေအနေ ကြည့်သေးတာပေါ့ဟာ"

လက်ကျန် espresso ကို မော့သောက်ချလိုက်ချိန်မှာ သက်ထက်အောင်က မွေးနား တိုးတိုးလေး ကပ်ပြောလိုက်တဲ့ "အဲ့ကောင် ရှေ့ဆက်ချင်နေပြီ... မယုံရင် စောင့်ကြည့်" ဆိုတဲ့ အသံလေးကို ကြားဖြစ်အောင် ကြားလိုက်ရပါတယ်။ ကျွန်တော် ဘာမှ တုံ့ပြန် မပြောဖြစ်ဘူး။ ဘာပြန်ပြောရမယ် မှန်းလည်း သေချာ မသိလို့ပါ။

"အေး... သေချာတော့ စဉ်းစားဦးနော်။ ထပ်ပြီး ပေါက်ကရ ထပ်လုပ်ရင်တော့ ဆုလဲ့ နင့်ကို ဘာမှ မလုပ်ခင် နင် ငါ့လက်စာ အရင်ဆုံး မိမယ်လို့သာ သိထားလိုက်... လင်းခန့်မောင်" လို့ မွေးက ရာဇသံ ပေးပါတယ်။

ညဘက် ထမင်းစားပြီးတော့ ဧည့်ခန်းထဲက ဖုန်းနားလေးမှာ ရစ်သီရစ်သီ လုပ်ရင်း ဘွားဘွားတို့ အလစ်ကို စောင့်ရပါတယ်။ မွေးတို့ဆီ ဆက်တာမျိုး ဆိုရင်တော့ ပေါ့ပေါ့ပါးပါးပဲ ကောက်ဆက်လိုက်မိတာ မှန်ပေမယ့် ဆုလဲ့ဆီ ခေါ်ဖို့ကျတော့ ဘွားဘွားတို့ ရှေ့မှာ မခေါ်ချင်ဘူး။ ဘာကိုမှန်း မသိ မျက်နှာပူနေမိတာကတော့ အမှန်ပါ။ ဘွားဘွားတို့ အခန်းထဲ ဝင်သွားတော့ ကိုးနာရီ ကျော်နေပြီ။ နည်းနည်း နောက်ကျနေတာ မှန်ပေမယ့် သူ မအိပ်လောက်သေးပါဘူးလို့ တွေးပြီး ဖုန်းနံပါတ်လေးကို ကောက်နှိပ်လိုက်တယ်။ ဖုန်းဝင်တဲ့ သံရှည်မြည်သံ ကြားနေရချိန်က ကျွန်တော့်ရင်ထဲမှာ ရထားတစင်း ဖြတ်ပြေး ခုတ်မောင်းနေသလို တုန်ခါလှုပ်ခတ်နေလေရဲ့။

"ဟော့... ဘယ်သူလဲကွ"

ကြားလိုက်ရတဲ့ အသံက ဘယ်လိုမှ ကဗျာမဆန်ဘူး။ သက်လတ်ပိုင်း


mgyoe.com